မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၉၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရီကိုနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၀

၂၀၀၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံ အကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစု ကပ်လှူသော ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ပိဋကသုံးပုံ နိကာယ်စာသင်တိုက် ပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုမှကပ်လှူသော ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး၌ ကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကအောင် သာသနာ့အာဇာနည်အရှင်မြတ်သုံးပါး ချီးကျူးပူဇော်ပွဲနှင့် သာသနာ့နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ် ၁၀ ဦးတို့အား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားတွင် ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပိဋကသုံးပုံနိကာယ် စာသင်တိုက်ကြီး၏ ပဓာန နာယက ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ *စာမျက်နှာ ၃ ကော်လံ ၁* ✻

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဒုက္ခသစ္စာသည် အကျိုးသစ္စာဖြစ်၍ သမုဒယသစ္စာကား ဒုက္ခဖြစ်ကြောင်း အကြောင်းသစ္စာဖြစ်သည်။ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၍ နိရောဓသစ္စာသို့ ဆိုက်ရောက်လိုပါက မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာကို ပွားများရပေမည်။ မဂ္ဂင်ရှစ်ပါးကို လောကီမဂ္ဂင်အနေဖြင့် ကျင့်သုံးပါက လူ့ဘဝ၊ လူ့လောက၏ အကျိုးတရားကို စွမ်းဆောင်နိုင်။

ငွေးလွင်(ဆားလင်းကြီး)၏ ဆောင်းပါး (စာ-၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုမှ ကပ်လှူသော ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပိဋကသုံးပုံနိကာယ် စာသင်တိုက် ပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၃၀ ရက်)

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဆက်လက်တိုးတက်ဖြစ်ထွန်းစေရေး ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အနာဂတ်အတွက် အရေးပါလှသည့် အမျိုးသား ညီလာခံကြီးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည်။

အမျိုးသားညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်တို့က အမျိုးသား အကျိုးစီးပွားကို ရှေးရှုလျက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ညှိနှိုင်းဆွေးနွေး လျက်ရှိကြသည်။

ပြည်ထောင်စုတစ်ဝန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် သစ်ကို တည်ဆောက်ရာတွင် ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည် အဓိက လိုအပ်ချက် ဖြစ်သည်။

ယခုကဲ့သို့ အမျိုးသားညီလာခံ ကျင်းပနေချိန်တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ဖြစ်သော ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင် ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က အမျိုးသားညီလာခံ၏ ရည်ရွယ်ချက်နှင့် အခြေခံမူ များကို ထောက်ခံကာ ငြိမ်းချမ်းရေးနှင့်လက်နက်များကို အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့ ကြသည်။

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစေရေးအတွက် တိုင်းရင်းသားအားလုံး စည်းလုံး ညီညွတ်ကြရန် လိုအပ်သည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ လက်တွဲညီညီ ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ကြိုးပမ်းမှု၏ အကျိုးရလဒ်အဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နယ်စပ်ဒေသအပါအဝင် နိုင်ငံတစ်ဝန်း ငြိမ်းချမ်းမှု အသီးအပွင့်များ ရရှိခံစားနိုင်ခဲ့ကြသည်။ ငြိမ်းချမ်းမှုအသီးအပွင့်များ ပွင့်လန်းလာသည်နှင့်အမျှ ဒီမိုကရေစီပန်းတိုင်သို့ အောင်မြင်စွာ တက်လှမ်းနိုင်မည်ဖြစ်သည်။

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင်နှင့် အဖွဲ့သည် ဒီမိုကရေစီပန်းတိုင်သို့ လက်နက်မစွဲကိုင်ဘဲ ချီတက်ခြင်းက ပိုမိုဆီလျော်မည်ဟု သိမြင်ခံယူလျက် လက်နက်များကို အပြီးအပိုင်စွန့်လွှတ်ကာ နိုင်ငံတော်သို့ အပ်နှံခဲ့ကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေဘောင်အတွင်း လက်တွဲဆောင်ရွက်နေ ကြသည့် တိုင်းရင်းသားညီအစ်ကိုများကလည်း ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများ ဆက်လက်တိုးတက် ဖြစ်ထွန်းနေစေရန် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ တစ်သွေးတည်းတစ်သားတည်း ဆက်လက်ကြိုးပမ်း ဖော်ဆောင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိသားစုဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမိသားစု၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ နေပြည်တော် ပျဉ်းမနား စူဠာမဏိ ရန်အောင်မြင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥူးအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့်ဇနီး ဒေါ်ခင်မိမိ၊ ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် သံဃာတော် အရှင်သူမြတ် တို့အား ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝါဆို သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ဆရာတော်ဦးအာဒိစ္စ ဝံသနှင့် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပြီးနောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကာ ဆရာတော်၊ သံဃာတော် များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

E-Library သို့ ပေးပို့လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ပညာရေးဝန်ကြီး ဌာန၏ တက္ကသိုလ်များရှိ E-Library များ အဆင့်မြှင့်တင်ရေးနှင့် အချင်းချင်း ချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပြီး ယခုအခြားဝန်ကြီးဌာနများ၊ တက္ကသိုလ် နှင့်ကောလိပ်များရှိ E-Library များ အဆင့်မြှင့်တင်ရေးနှင့် အချင်းချင်း ချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ Knowledge Base အဖြစ် ဆောင်ရွက်လျက်ရှိသည်။ E-Library Online စာကြည့်တိုက်စနစ်ကို ပိုမိုပြည့်စုံ သော E-Library စနစ်ဖြစ်လာစေရန်အတွက် မှတ်တမ်းများ၊ စာအုပ်စာတမ်း၊ ဂျာနယ်များ၊ ဆောင်းပါးများနှင့် ပန်းချီကားများ၊ ဓာတ်ပုံများကို ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များနှင့် ပညာရေးဝန်ဆောင်မှု အဖွဲ့အစည်းများအား တစ်ဦး ချင်းဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ E-Library စနစ်သို့ ပေးပို့လှူဒါန်းရန် ဖိတ်ခေါ်ကြောင်းနှင့် ဆက်သွယ်ရန်လိပ်စာများမှာ စာကြည့်တိုက်မှူး တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် e-mail:ucl@dhelm-edu.gov.mm ဖုန်း ၀၁-၅၃၆၉၂၇၊ ၅၃၄၉၇၉၊ ၅၃၅၈၄၇၊ ပါမောက္ခဌာနမှူး ရန်ကုန်တက္ကသိုလ် ကွန်ပျူတာ သိပ္ပံ ပညာဌာန e-mail:csyu@dhelm-edu.gov.mm ဖုန်း-၀၁-၅၁၃၁၆၄ ရုံးအဖွဲ့မှူး၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၇၁၅၈၊ ဌာနမှူး၊ ပညာရေးရာဌာန၊ ဖုန်း-၀၁-၅၄၅၁၃၅၊ ၅၅၈၈၉၂ နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန ဖုန်း-၀၆၇-၄၂၀၃၅၁ တို့ ဖြစ်ကြသည်။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာန E-Library ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်ဝင်းရှိ Myanmar Info-Tech ခန်းမဆောင်ကြီး၌ ပြုလုပ်မည်ဖြစ်ပြီး အလှူရှင်များနှင့် စိတ်ဝင်စား သူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇနိတာရာမ စိန်ရွှေကုန်းတောရ တရားပွဲ

ရန်ကုန် ဇူလိုင် ၂၉

မှော်ဘီမြို့နယ် စိန်ရွှေကုန်းကျေးရွာ ဇနိတာရာမ စိန်ရွှေကုန်းတောရ ဓမ္မရိပ်သာတွင် ၁၀ ရက်တရားစခန်းပွဲ ကို ဩဂုတ် ၄ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ရွှေစက်တော် အရှင်သုန္ဒရနှင့် ရေဦးအရှင် နန္ဒာသိရီတို့က ဟောကြားမည်ဖြစ် ကြောင်း သိရသည်။

(က-ပ)

တောင်ဥက္ကလာပမြို့နယ် အမှတ် ၁၁၅၄ ကုန်းဘောင် ၁၄ လမ်း ၆ရပ်ကွက် နေ ဒေါ်ကျင်လှိုင် (အောင်ရွှေထီးယောဂီ၊ ရွှေတိဂုံစေတီ စနေထောင့်)၏ (၇၇)နှစ်မွေးနေ့ အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၃၀-၇-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ (အပိုင်း-၆)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ မိုးလေဝသသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ မေးမြန်းစူးစမ်း
- ၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း (ဒုတိယတွဲ) (အပိုင်း-၁၉)**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟဆန် လှူအသင်းကြီး၏ (၂၃၁) ကြိမ် မြောက် ဝါဆိုလ ဆွမ်းဆန်တော်အလှူ ရေစက်ချပွဲကို (ဒုတိယ ဝါဆိုလ ပြည့် နေ့) ဇူလိုင်၂၉ရက်က ရွှေတိဂုံ စေတီတော် ရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး-ဒေါ်ကြုတ်တန်ဆောင်း၌ကျင်းပရာ မရမ်းကုန်းမြို့နယ် သီရောမဏိဝိဇ္ဇောတာရုံ ဆရာတော်အား အကျိုးတော်ဆောင်ချုပ် ဦးအေးနှင့်အဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သိပ္ပမဂ္ဂျုစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၅ရပ်ကွက် အမှတ်(၅)ဝိုင်း ပရိယတ္တိ နယူပဒေသသိပ္ပမဂ္ဂျုစာသင်တိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တတိက္ခဉာဏ(စာရေးဆရာစိတ်မိုး)အမှူးပြုသော စာချ၊ စာသင်သား ၄၀ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်၍ ပထမပြန်စာမေးပွဲအောင် စာသင်သားတို့အား ဆုပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒုတိယဝါဆိုလပြည့်ကျော် ၇ရက် (ဩဂုတ် ၅ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(၁၉၂)**

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၈နာရီက မဟာစည်ဓမ္မာရုံကြီး၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဟိတေသီအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဆောင်ရွက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။

ရွတ်ဆိုပူဇော်

ထို့နောက် ဟိတေသီအဖွဲ့ယောဂီများက ဝါဆိုပန်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဘွဲ့ကဗျာများကို ညီညာဖြဖြ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာတရားတော်များကို ဟောကြားချီးမြှင့်တော်မူသည်။

ရေစက်သွန်းချ

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ကြီးထံ တစ်ဦးချင်းဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** ဆွမ်းပဒေသာအလှူရှင် ဦးသာဌေး-ဒေါ်ကြည်ကြည်ခင်မိသားစု စသော အလှူရှင်များအား ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာချီးမြှင့်သည်။ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အလှူရှင်များ၏ ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သာသနာ့နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပိဋကသုံးပုံနိကာယ်စာသင်တိုက် ပဓာနနာယကဆရာတော် ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် တိပိဋကစာအောင် သာသနာ့အာဇာနည်အရှင်မြတ်သုံးပါး၏ ထေရုပ္ပတ္တိအကျဉ်းကို တိပိဋကသစ္စာသာမဏအရှင်ပညိန္ဒက ဖတ်ကြားပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုကလှူဒါန်းသည့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ပိဋကသုံးပုံနိကာယ်စာသင်တိုက် ပဓာနနာယကဆရာတော် ရွှေရတု တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အောင်လက်မှတ်ဆက်ကပ်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသော ဥဘတောဝိဘင်္ဂကောဝိဒ အောင် အရှင်ဇောတိသရာလင်္ကာရ၊ ဥဘတောဝိဘင်္ဂရေအောင် အရှင်ပညာသိရီနှင့် အရှင်သီလာနန္ဒတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းက သာသနာ့နုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များဖြစ်ကြသော အဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်မြမြလေး၊ သိရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ သမားတော်ကြီး ဦးဘိုကြီး၊ သိရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်သန်းသန်း၊ သိရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ သီတဂူ ဦးနိုင်ဦး နှင့် သိရိသုဓမ္မသိင်္ဂီဘွဲ့ရ သီတဂူ ဒေါ်အေးသိန်းတို့အားလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက သိရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသော ဒေါ်အုံးကြင်၊ ဒေါ်ထားထားနွယ်နှင့် ဒေါ်ခင်ကြည်၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသော စိန်နှင့်မြ ဒေါ်တင်ရီနှင့် ဒေါ်ခိုင်ခိုင်ဦးတို့အားလည်းကောင်း ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ကြသည်။

အမျှပေးဝေ

ယင်းနောက် ပိဋကသုံးပုံနိကာယ်စာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်နှင့်ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ဇနီးနှင့် အလှူရှင်များက ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး၌ ဝါဆို ဝါကပ်တော်မူကြမည့် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ညောင်တုန်းကျောင်းတိုက်

ထို့အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် နံနက် ၈နာရီ ၁၅မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ရှိ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ကျင်းပသည့် ပရိယတ္တိသာသနာ့ပါလအသင်းကြီး၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ပဓာနနာယကဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ပရိယတ္တိသာသနာ့ပါလအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်အရှင်သူမြတ်များက မေတ္တသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

လျှောက်ထား

ယင်းနောက် ပရိယတ္တိသာသနာ့ပါလအသင်း ဥက္ကဋ္ဌ ဦးချစ်အေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးတို့က ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ တပ်မတော် အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် နာယက စာချဆရာတော် ပထမကျော် အဂ္ဂမဟာ အကျော် သ၊ စ၊ အ ဓမ္မာစရိယ ဝဇ္ဇံသကာဝိနယ ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမ အသင်းစု လီမိတက်၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၈ ရက်က ဒဂုံမြို့နယ်သမဝါယမ ဦးစီးဌာန၌ ကျင်းပရာ ဒဂုံမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှထွန်းက အမှာစကားပြောကြားစဉ်။ (က-ပ)

NLD ပါတီသည် စည်းလုံးညီညွတ်မှုပြိုကွဲနေ ပါတီခေါင်းဆောင်များနှင့် ပါတီ၏လုပ်ရပ်များကို ယုံကြည်အားထားမှု မရှိတော့သဖြင့် ဝမ်းတွင်းမြို့နယ်မှ ပါတီဝင်နှစ်ဦးနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၉

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကိုကိုနှင့် ဦးချစ်ကိုကိုတို့သည် ဇူလိုင်၁၇ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဝမ်းတွင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် စည်းလုံးညီညွတ်မှုပြိုကွဲနေကြောင်း၊ ပါတီခေါင်းဆောင်များနှင့် ပါတီ၏လုပ်ရပ်များကို ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

အင်းစိန် ပြန်/ဆက် နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲနှင့် စာဖတ်ဝိုင်းကို ဇူလိုင် ၁၈ရက်က အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက် ဓမ္မာရုံ၌ကျင်းပသည်။

ဆက်လက်၍ မြို့သစ် (က+ခ)ရပ်ကွက်မှ အငြိမ်းစားကျောင်းအုပ် ဦးတင်ထွန်း၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရပ်ကွက်စည်းရုံးရေးမှူး ဦးမင်းလွင်၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဇင်ဇင်ခိုင်နှင့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင် ဒေါ်အေးအေးလှိုင်တို့က ခေါင်းကြီး၊ ဆောင်းပါးများ အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်ခင်နှင်းကြည်နှင့် တက်ရောက်လာသူများ အပြန်အလှန်ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြတ်ဗုဒ္ဓ၏ တရားဦး

ဌေးလွင် (ဆားလင်းကြီး)

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖဝါး
ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ စုံအညီနှင့်
မဟီအပေါင်း၊ တိုက်တစ်သောင်းမှ
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား
ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို
နှုတ်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည် ရွှမ်းတယ်ကို။ ။

(လယ်တီဆရာတော်)

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့) ညဥ့်အရုဏ်မတက်မီ ဝိသာခါနက္ခတ်နှင့် ယှဥ်၍ လောကသုံးပါးတွင် အတုမဲ့ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဗောဓိပင်၏ အနီးဖြစ်သော ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့၍ ဖလသမာပတ်ချမ်းသာကို ခံစားတော်မူ၍ ခုနစ်ရက်ပတ်လုံး သီတင်းသုံး စံတော်မူသည်။ **ပလ္လင်္ကသတ္တာဟ**ဟု ခေါ်သည်။

ပလ္လင်တော်မှ ထတော်မူ၍ ဗောဓိပင်မှ အရှေ့မြောက် ၁၄ လံ ကွာသောအရပ်၌ ရပ်တော်မူ၍ မမိုတ်သောမျက်စိဖြင့် ရွှေပလ္လင်တော်ကို ကြည့်ရှု၍ စံတော်မူ၏။ **အနိမိသသတ္တာဟ**ဟု ခေါ်ဆိုသည်။ ထို့နောက် ဗောဓိပင်မှ အတောင်နှစ်ဆယ်ခြားသောအရပ်၌ နတ်တို့ ဖန်ဆင်းအပ်သော ရတနာစင်္ကြံ၌ ခုနစ်ရက်ပတ်လုံး စင်္ကြံကြွတော်မူ၏။ **စင်္ကမသတ္တာဟ**ဟု ခေါ်၏။ ထို့နောက် စတုတ္ထ **ရတနာဃရ သတ္တာဟ၊** ပဥ္စမ **အဇပါလ သတ္တာဟ၊** ဆဋ္ဌ **မုစလိန္ဒသတ္တာဟ၊** သတ္တမ **ရာဇာယတန သတ္တာဟ** တို့၌ ခုနစ်ရက်စီ စံတော်မူသည်။ ဤသို့ သတ္တဌာန၌ ၄၉ ရက်စေ့လျှင် တစ်ဖန် ဝါဆိုလဆန်း ၆ ရက် (ကြာသပတေးနေ့)၌ အဇပါလညောင်ပင်ရင်းသို့ ပြန်၍ကြွတော်မူ၏။ ထိုအခါ "ငါသိအပ်သော တရားတော်သည် အလွန်သိမ်မွေ့ နက်နဲ၏။ ငါဘုရား ဟောကြားသော်လည်း သတ္တဝါတို့ မသိနိုင်ရာ"ဟု တရားမဟောရန် စိတ်အကြံ ဖြစ်တော်မူသည်။ ထိုအကြံကို သဟမ္ပတိဗြဟ္မာကြီးသိ၍ တရားဟောတော်မူရန် တောင်းပန်လျှောက်ထားလေသည်။

အဋ္ဌမသတ္တာဟဖြစ်သော အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက်နေတော်မူပြီး သုံးလေးရက်မျှ ဗောဓိပင်အနီးဖြစ်သော ရွာနိဂုံးတို့၌ ဆွမ်းခံဘုဥ်းပေးတော်မူပြီး ဝါဆိုလပြည့်နေ့တွင် ဗောဓိပင်မှ ၁၈ ယူဇနာကွာသော ကာသိတိုင်း ဗာရာဏသီပြည်သို့ ကြွတော်မူ၏။ ဗာရာဏသီပြည်၏အနီး ဖြစ်သော မိဂဒါဝုန်တောသို့ ဓမ္မစကြာတရားဟောတော်မူရန် ခြေကျင်ခရီးဖြင့် ကြွတော်မူသည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ် ဝါဆိုလပြည့်နေ့(စနေနေ့)ည အနောက်လောကဓာတ်၌ နေတစ်ခြမ်းဝင်စ၊ အရှေ့လောကဓာတ်မှ လဝန်းထွက်ပေါ်လာသောအချိန်တွင် ဗုဒ္ဓမြတ်စွာသည်–

"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"အစချီသော တရားဦးဓမ္မစကြာကို ဟောတော်မူသည်။ မြတ်ဗုဒ္ဓ တရားဦးဓမ္မစကြာကို ဟောတော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၅၉၆နှစ် ရှိခဲ့လေပြီ။ တရားဦးဓမ္မစကြာကား မြတ်ဗုဒ္ဓ၏ တရားဦးဖြစ်ရုံသာမက ဗုဒ္ဓဝါဒကို ကြေညာ၍ ၄၅ဝါပတ်လုံး ဟောကြားတော်မူ အပ်သော တရားတော်၏ အနှစ်ချုပ် တရားတော် ဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူတိုင်း သစ္စာလေးပါးတရားတော်ကို အထွတ်တပ်၍ ဟောတော်မူသည်။ ဓမ္မစကြာကား သစ္စာလေးပါးတရားကို ဟောကြားခြင်းဖြစ်သည်။

ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီအချိန်က လောကတွင် ကျင့်စဥ်နှစ်ပါးကို ကျင့်သုံးလျက် ရှိကြသည်။ အတ္တကိလမထာ နုယောဂအကျင့်နှင့် ကာမသုခလ္လိကာနုယောဂ ကျင့်စဥ်ဖြစ်သည်။ အတ္တကိလမထာနုယောဂ ကျင့်စဥ်ဟူသည် ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲအောင် ညှဥ်းဆဲနေပါက ကိလေသာတွေ ခန်းခြောက်လိမ့်မည်ဟု ကျင့်သော အကျင့်ဖြစ်သည်။ ဗုဒ္ဓလောင်းလျာ၏ ဒုက္ကရစရိယာအကျင့်သည် အတ္တကိလမထာနုယောဂ အကျင့်ပင်ဖြစ်သည်။ ထိုအကျင့် ကျင့်စဥ်က တရားထူးကို မရရှိခဲ့ပေ။ ကာမသုခလ္လိကာနုယောဂ အကျင့်ကား ကာမဂုဏ်တို့ကို ခံစားနေရလျှင် လောကနိဗ္ဗာန်ဟု ယူဆ၍ကျင့်သော အကျင့်ဖြစ်သည်။ ဘုရားအလောင်းတော်၏ ၁၃နှစ်လုံး ထီးစည်းစိမ်၊ နန်းစည်းစိမ်ကို ယသောဓရာ အမှူးပြုသော မောင်းမမိဿံများဖြင့် စံစားနေသည်မှာ ကာမသုခလ္လိကာနုယောဂအကျင့်ဖြစ်သည်။ ထီးနန်းစည်းစိမ်ကို ခံစားစဥ်ကလည်း အမှန်တရား သစ္စာလေးပါးကို မသိမမြင်ခဲ့ပေ။

ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာက တရားဦးဓမ္မစကြာတွင် **"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** ရဟန်းတို့ နှစ်ပါးကုန်သော အယုတ်တရားတို့ကို ရဟန်းဖြစ်သူသည် မမှီဝဲအပ်ဟု ဦးစွာဟောကြားတော်မူသည်။ ထိုအကျင့်တရား နှစ်ပါးတို့ကို ကိုယ်တိုင်ကျင့်သုံးခဲ့ရာ တရားထူးကိုမရနိုင်ကြောင်း လက်တွေ့ အနေအထားဖြင့် ဟောကြားသည်ဟု ဆိုရပေမည်။

ကာမသုခလ္လိကာနုယောဂ ကျင့်စဥ်သည် လက်ယာလမ်းဖြစ်၍ အတ္တကိလမထာနုယောဂ ကျင့်စဥ်ကား လက်ဝဲလမ်း ဖြစ်သည်။ ကာမသုခလ္လိကာနုယောဂအကျင့်ကို **ဟီနော**–ယုတ်သောအကျင့်၊ **ဂါမ္မော**–ရွာသူ ရွာသားတို့၏အကျင့်၊ **ပေါထုဇ္ဇနိကော**–ပုထုဇဥ်တို့၏ အကျင့် စသည်ဖြင့် အပြစ်ကိုပြတော်မူသည်။

အတ္တကိလမထာနုယောဂအကျင့်ကိုလည်း **ဒုက္ခော**–ဆင်းရဲသော အကျင့်၊ **အနရိယော**–အရိယာ သူတော်ကောင်းတို့၏ အကျင့်မဟုတ်၊ **အနတ္ထသံဟိတော**–အကျိုးစီးပွားနှင့်မစပ်သောအကျင့် စသည်ဖြင့် အပြစ်ကို ပြတော်မူသည်။ ငါဘုရားသည် ကာမသုခလ္လိကာနုယောဂ–လက်ယာလမ်းနှင့် အတ္တကိလမထာနုယောဂ –လက်ဝဲလမ်းအကျင့်တို့ကို မလိုက်မူ၍ ငါဘုရားသည် ထိုးထွင်း၍သိအပ်သော မဇ္ဈိမပဋိပဒါအကျင့်သည်–

- **စက္ခုကရဏီ** – ဉာဏ်မျက်စိအမြင်ကိုကြည်လင်စေသည်။
- **ဉာဏကရဏီ** – ဉာဏ်အမြင်ကိုပြုတတ်သည်။
- **ဥပသမာယ** – ကိလေသာတို့ကို ငြိမ်းအေးစေသည်။
- **အဘိညာယ** – ထူးသောမဂ်ဉာဏ်ကိုသိခြင်းငှာ၊
- **သမ္ဗောဓာယ** – သစ္စာလေးပါးတရားကို ထိုးထွင်း၍သိခြင်းငှာ

ဖြစ်သည် စသည်ဖြင့် မဇ္ဈိမပဋိပဒါအကျင့်၏ ဂုဏ်ရည်တို့ကို ဖော်ကျူးမိန့်တော်မူသည်။ အတ္တကိလမထာနုယောဂ–လက်ဝဲအစွန်းနှင့် ကာမသုခလ္လိကာနုယောဂ –လက်ယာအစွန်းနှစ်စုတို့၏ အလယ်၌ဖြစ်၍ မဇ္ဈိမပဋိပဒါ–အလယ်ဖြစ်သောကျင့်စဥ်ဟု အမည်ပေးတော်မူသည်။

မဇ္ဈိမပဋိပဒါကျင့်စဥ်ဟူသည် မဂ္ဂင်ရှစ်ပါးပင်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးကား–

- **သမ္မာဒိဋ္ဌိ** – မှန်ကန်သောအမြင်(ပညာ)
- **သမ္မာသင်္ကပ္ပ** – မှန်ကန်သောအကြံ
- **သမ္မာဝါစာ** – မှန်ကန်သောပြောဆိုမှု
- **သမ္မာကမ္မန္တ** – မှန်ကန်သောအလုပ်
- **သမ္မာအာဇီဝ** – မှန်ကန်သောအသက်မွေးမှု
- **သမ္မာဝါယမ** – မှန်ကန်သောအားထုတ်မှု
- **သမ္မာသတိ** – မှန်ကန်သော(ကောင်းသော)အမှတ်ရမှု
- **သမ္မာသမာဓိ** – မှန်ကန်သောတည်ကြည်မှု (သမာဓိ)

တို့ဖြစ်သည်။ မှန်ကန်သောအမြင်(ပညာ)ရှိမှ မှန်ကန်သောအကြံဖြစ်မည်၊ မှန်ကန်သောအကြံရှိမှ မှန်ကန်သော ပြောဆိုမှုဖြစ်မည်၊ မှန်ကန်သော ပြောဆိုမှုရှိမှသာ မှန်ကန်သော အလုပ်ဖြစ်ပေမည်၊ မှန်ကန်သော အလုပ်ရှိမှသာ မှန်ကန်သော အသက်မွေးမှုရှိပေမည်၊ မှန်ကန်သော အသက်မွေးမှုရှိသူသည် မှန်ကန်သောအားထုတ်မှု ဝီရိယရှိပေမည်၊ မှန်ကန်သော အလုပ်တို့ကို လုပ်နေသူအား မှန်ကန်သောအမှတ်ရမှု သတိရှိနေမည်၊ မှန်ကန်သော သတိရှိမှသာ မှန်ကန်သောတည်ကြည်မှု သမာဓိရှိမည်မှာ မလွဲပေ။

တရားဦးဓမ္မစကြာတရားတော်ကို အချုပ်အားဖြင့်ကြည့်လျှင်–

၁။ အတ္တကိလမထာနုယောဂအကျင့်၊

၂။ ကာမသုခလ္လိကာနုယောဂအကျင့်နှစ်ပါးကို ရှောင်ရှား၍

၃။ မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါး အကျင့်ကို ကျင့်သုံးရန် ဖြစ်သည်။

ဓမ္မစကြာ၌ မဂ္ဂင်ရှစ်ပါးကိုဦးစွာဟောတော်မူပြီး ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊နိရောဓသစ္စာ၊မဂ္ဂသစ္စာ သစ္စာလေးပါးသရုပ်ကို ဟောတော်မူပါသည်။

ဒုက္ခသစ္စာသည် အကျိုးသစ္စာဖြစ်၍ သမုဒယသစ္စာကား ဒုက္ခဖြစ်ကြောင်း အကြောင်းသစ္စာဖြစ်သည်။ နိဗ္ဗာန်သည် နိရောဓ သစ္စာဖြစ်၍ နိရောဓသစ္စာသို့ ဆိုက်ရောက်လိုပါက မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာကို ပွားများရပေမည်။ မဂ္ဂင်ရှစ်ပါးကို လောကီမဂ္ဂင်အနေဖြင့် ကျင့်သုံးပါက လူ့ဘဝ၊ လူ့လောက၏ အကျိုးတရားကို စွမ်းဆောင်နိုင်ကြောင်း တရားဦး အနှစ်ချုပ်အနေဖြင့် ရေးသားတင်ပြအပ်ပါသတည်း။ ။

အနဂ္ဂေ၁ အနန္တငါးပါးတို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အာရုံပြု၍ မန္တလေးတိုင်း အမရပူရမြို့ ဗားကရာတိုက် ဓမ္မရတနာကျောင်းမှ ဒီဃဘာဏက ဆရာတော် အရှင်ခေမာနန္ဒက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့ရုပ်ရှင်လုပ်ငန်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း မိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ဇာတ်လမ်းရုပ်ရှင် အသံခန်းမ၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ မရမ်းကုန်းမြို့နယ် ရတနာ့ဗိမာန်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဇနီး ဒေါ်မာလာဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မရမ်းကုန်းမြို့နယ် ရတနာ့ဗိမာန်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ကိုရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ယင်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဇနီး ဒေါ်မာလာဝင်းတို့က ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

ဓမ္မဂုဏ်ရောင် ဆရာတော် ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၉

မင်္ဂလာဒုံမြို့နယ် ကာယရုပ်ကွက် ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင်တိုက် ဦးစီးပဓာနနာယက မဟာစည် အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဆရာတော်အရှင်တေဇိန္ဒသည် ဒုတိယ ဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ၂နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ဓမ္မသီဂီတန်ဆောင်း၌ လည်းကောင်း၊ တော်သလင်းလဆန်း၈ရက် ညနေ၆နာရီတွင် ဆုတောင်းပြည့် နန္ဒဝန်စေတီတော် မဟာစည်ဓမ္မသဘင်၌လည်းကောင်း၊ သီတင်းကျွတ်လဆန်း ၇ရက် ည၇နာရီတွင် မင်္ဂလာဈေး ဈေးသူဈေးသားများက ကျင်းပသော မင်္ဂလာဈေးဓမ္မာရုံတော်ကြီး ကြားတောရလမ်း ဗဟန်းမြို့နယ် ဓမ္မသဘင်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။**(က–ပ)**

ဝါတွင်း အချိန်ပိုင်းတရားစခန်းများ ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၈

သန်လျင်မြို့ ကျိုက်ဒေးယျံဘုရား ခြေတော်ရင်းရှိ ပရိယတ္တိ၊ ပဋိပတ္တိ စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက်တွင် ဒုတိယဝါဆိုလပြည့်နေ့မှ ဒုတိယ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ဝါခေါင်လပြည့်နေ့မှ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ တော်သလင်းလပြည့်နေ့မှ တော်သလင်းလပြည့်ကျော် ၈ ရက်၊ သီတင်းကျွတ်လဆန်း ၈ ရက်မှ သီတင်းကျွတ် လပြည့်နေ့အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ ပဓာန နာယကဆရာတော် ကျိုက်ဒေးယျံ အရှင်ဥတ္တရ (ဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြီး အထူး ဥပုသ်နေ့တိုင်း နံနက် ၉ နာရီခွဲတစ်ကြိမ်၊ ညနေ ၃နာရီတစ်ကြိမ် တရားဟောကြားမည်ဟု သိရသည်။

(က–ပ)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမိသားစု ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဒဂုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာနန္ဒထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဒဂုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ရွှေတိဂုံစေတီဖူးမြော် ခရစ်ယာန်ဘာသာဝင်များ ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်း

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသို့ တက်ရောက်နေကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့ (စနေနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ယနေ့ (တနင်္ဂနွေနေ့)တွင် ဘုရားရှိခိုးကျောင်းသို့ သွားရောက် ဝတ်ပြုဆုတောင်းကြသည်။

ဖူးမြော်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်တွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာကြရာ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အထက်ပစ္စယာ၌ ကိန်းဝပ်စံပယ်တော်မူသည့် ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ ဂြိုဟ်တိုင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ စေတီတော်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

ဝတ်ပြုဆုတောင်း

အလားတူ ခရစ်ယာန် ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့ (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် နွယ်နီလမ်းရှိ ပိုးကရင် နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပုစွန်လုပ်ငန်းရှင်များအသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေ ဦးဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးပါဝင်သော အဖွဲ့သည် ထိုင်းနိုင်ငံရှိ ရေငန်ပုစွန်လုပ်ငန်းများ လေ့လာရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

အနတ္တလက္ခဏသုတ် တရားတော်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၉

၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၅ရက် (အနတ္တလက္ခဏ အခါတော်နေ့) ဩဂုတ် ၃ ရက် နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသက အနတ္တလက္ခဏသုတ်တရားတော်ကိုလည်းကောင်း၊ (ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်) ဩဂုတ် ၆ ရက် နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း မိတ္ထီလာမြို့ ရွှေဘုံသာကျောင်း မြို့အရှေ့တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောဒယက လောက လယ်ထွန်သမား ပုဏ္ဏားနှင့် တရားဓမ္မ လယ်ထွန်သမား မြတ်စွာဘုရားတို့၏ လယ်ထွန်မှုပြကြပုံတရားတော်ကိုလည်းကောင်း အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ကျောဖုံးမှ

အီရတ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ခါလက်က ပွဲချိန် ၇၁ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အနိုင်ရမှုသည် အီရတ်တို့ ပထမဆုံးအကြိမ် အာရှဖလားပွဲတွင် အနိုင်ရဗိုလ်စွဲနိုင်ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာရှဖလား ဘောလုံးပြိုင်ပွဲတွင် အီရတ်ဘောလုံးအသင်း ဖလားနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)



စားသုံးဆီဖူလုံရေး နှမ်း၊ မြေပဲနှင့် နေကြာ လျာထားချက်ပြည့်မီအောင်စိုက်ပျိုး နေပြည်တော်ပျဉ်းမနား အစေ့ထုတ်ပြောင်း ဧက၁၀၀ စံပြစိုက်ကွက်

တိုင်းမှူးပိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဇူလိုင် ၂၉

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်၂၃ရက် ညနေ၃နာရီက နေပြည်တော်ပျဉ်းမနား ညောင်ပင်သာကျေးရွာရှိ အစေ့ထုတ်ပြောင်း ဧက၁၀၀စံပြစိုက်ကွက်သို့ သွားရောက်ပြီး (အောက်ပုံ) ညောင်ပင်သာကျေးရွာ ကွင်းအမှတ် (၁၆၉၃)ရှိ တောင်သူ ဦးမျိုးလွင်၊ ဦးဘိုသွယ်၊ ဦးကျော်သောင်းနှင့်ဒေါ်ရင်သွယ်တို့၏ စပ်မျိုး(၃)ပြောင်း စံပြစိုက်ကွက်ဧက၁၀၀နှင့် စိုက်ခင်းပတ်လည် ခြံစည်းရိုးတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးရာ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးမှတ်ကြီးက စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ယာယီရှင်းလင်းဆောင်၌ ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး တိုင်းမှူးက စိုက်ပျိုးသီးနှံအလိုက် စံပြအထွက်နှုန်းပြည့်မီကျော်လွန်ထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မိမိနယ်မြေအတွင်း စားသုံးဆီဖူလုံရေးအတွက် နှမ်း၊ မြေပဲနှင့်နေကြာတို့ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားကြရန်နှင့် စက်သုံးဆီ ရရှိရေးအတွက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကိုလည်း ဒေသခံ တောင်သူလယ်သမားများ အနေဖြင့် အင်တိုက်အားတိုက် ပါဝင်တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြား၍ ဒေသအတွင်းဖြစ်ထွန်းအောင်မြင်လျက်ရှိသော ရာသီပေါ်သီးနှံများ ပြသထားရှိမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ညွှန်ကြားဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲကို ဇူလိုင် ၂၁ရက်က ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ဘုရားဝင်းအတွင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျိုက်မရော မြို့နယ် ဇာတိဖွား(ရန်ကုန်)ရှိ ကျောင်းထိုင်ဆရာတော်ကြီးများအား ဝါဆို သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်ရာ အသင်းနာယကများနှင့် အသင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင်(ငြိမ်း)တို့က စုပေါင်းဆက်ကပ်ကြစဉ်။ (က-ပ)

ဓာတ်မြေဩဇာထုတ်လုပ်မှု ရည်မှန်းချက်ပြည့်မီရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်၂၂ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်တောင်တန်း ရေနံမြေသို့ရောက်ရှိပြီး နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း လုပ်ကိုင်လျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation (CNPC) က ရေနံရှာဖွေတူးဖော်လျက်ရှိသော တွင်းအမှတ် PSC (101)နှင့် PSC(2) တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာဝန်ကြီးသည်တွင်းအမှတ် PSC(101)၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းအမှတ် PSC(101)သည် တစ်နေ့လျှင် လေဆီ Condensate ၃၉စည်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၄ ဒသမ ၂ သန်း ထုတ်လုပ်ပေးလျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် ရေနံရှာဖွေတူးဖော်လျက်ရှိသော တွင်းအမှတ် PSC(2) သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်တောင်တန်း ရေနံမြေအထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်နှင့် China National Petroleum Corporation (CNPC) ကိုယ်စား Operator ကုမ္ပဏီဖြစ်သည့် Chinnery Assets Limitedမှ President, Mr. Lei Zhenyu တို့က ပေနက်တွင်းတူးစက်ဖြင့် တွင်းအမှတ် PSC(2) တွင်းအား တူးဖော်နေမှု အခြေအနေများကို တင်ပြကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက်ဝန်ကြီးက ယခင်က တူးဖော်ထုတ်လုပ်နိုင်ခြင်းမရှိသေးသည့် ပေနက်သဲကြောများဖြစ်သော ပျော်ဘွယ်ကျောက်စဉ်စုရှိ အလားအလာကောင်းသည့် သဲကြောများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်ရန် ရည်ရွယ်ထားရာ သတ်မှတ်ကာလအတွင်း ရည်မှန်းချက် အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ညွှန်ကြားပေးသည်။

ဝန်ကြီးသည် ဇူလိုင် ၂၃ ရက်တွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးလှသောင်းက လက်ရှိ ဓာတ်မြေဩဇာ ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူး(ကုန်ထုတ်) ဦးမျိုးမြင့်က ဓာတ်မြေဩဇာတိုးတက် ထုတ်လုပ်သွားမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အလေးထားဆောင်ရွက်

ထို့နောက် ဝန်ကြီးက ဓာတ်မြေဩဇာတိုးတက်ထုတ်လုပ်ရေး ရည်မှန်းချက်ပြည့်မီရေးအတွက် ဝန်ထမ်းများ အနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဓာတ်မြေဩဇာ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် စက်ရုံအတွင်းရှိထိန်းချုပ်ရေးစက်ခန်း၊ ဖြန့်ဖြူးရေးဌာန၌ ဓာတ်မြေဩဇာ သိုလှောင်ဖြန့်ဖြူးပေးနေမှုအခြေအနေ**(အပေါ်ပုံ)**နှင့် ပြုပြင်ထိန်းသိမ်းရေး ပင်မအလုပ်ရုံအတွင်း စက်အစိတ်အပိုင်းများ ပြင်ဆင်မွမ်းမံနေမှု အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် ပြန်/ဆက် ဦးစီးဌာန ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဇူလိုင် ၁၃ ရက်က အမက (၁၀)မူလွန်ကျောင်းတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက စာဖတ်ခြင်းအကျိုးကျေးဇူး အကြောင်းကိုဟောပြော၍ ကျောင်းသား ကျောင်းသူများနှင့် စာဖတ်ဝိုင်းကျင်းပသည်။ **(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)**

ဝါဆိုသင်္ကန်းနှင့်ဝါဆိုပန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပဓာနနာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရ အမှူးထား၍ နာယကစာချ၊ စာသင်သံဃာတော်အပါး ၁၅၀ တို့အား ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်း ဆက်ကပ် လှူဒါန်းပွဲကို (၁၃၆၉ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်) ဇူလိုင် ၃၀ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကျင်းပမည် ဖြစ်သည်။

(က-ပ)

မှူးယစ်
ကင်းစင်
အလှဆင်

စန္ဒာရုံကျောင်း ဝိပဿနာဓမ္မရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အဆောင်မှူးဆရာတော် ဘဒ္ဒန္တ ပညာလင်္ကာရ ဦးစီးတည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် အမှတ်(၃) လမ်းဆုံအနီး စန္ဒာရုံကျောင်း ဝိပဿနာဓမ္မရိပ်သာ၌ ပထမအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၂ရက် (ဇူလိုင်၃၁ရက်) အင်္ဂါနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ဆရာတော် ဖုန်း-၀၉-၅၁-၂၅၄၅၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

မိဘများဖြစ်ကြသော ဦးကိုကိုလေး-ဒေါ်တင်တင်အေး တို့အားရည်စူး၍ တိုက် ၂ အခန်း ၄၀၁ သစ္စာဥယျာဉ်အိမ်ရာ တောင်ဥက္ကလာပမြို့နယ်နေ ဦးအောင်ထွန်း-ဒေါ်မြင့်မြင့်သန်း၊ သား မောင်ဇော်မိုးအောင်၊ သမီး မဆွေဆွေလင်း၊ မနွဲ့ယမင်းအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။ (က-ပ)

ညောင်ဦးမြို့၌ အောင်မြင်ဖြစ်ထွန်းနေသော စွန်ပလွန်ပင်များ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် လှည့်လည်ကြည့်ရှုစစ်ဆေး ပိုမိုတိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းရန်မှာကြား

နေပြည်တော် ဇူလိုင် ၂၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၃)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၂၃ရက် နံနက် ၁၀နာရီခွဲက ညောင်ဦးမြို့ အနော်ရထာလမ်းမကြီးဘေးရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အပူပိုင်းဒေသ သီးနှံဗဟိုသုတေသန စိုက်ပျိုးရေးခြံသို့ ရောက်ရှိရာ ညောင်ဦးမြို့နယ် ဥယျာဉ်ခြံစိုက်ပျိုးရေး မန်နေဂျာ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ခြံမန်နေဂျာက ဧရိယာ ၃ဒသမ၈၁ဧကတွင် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေသည့် စွန်ပလွန်ပင်များ၏ အခြေအနေနှင့် ယခုလာမည့် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ပိုမိုတိုးချဲ့စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အောင်မြင်ဖြစ်ထွန်းနေသည့် စွန်ပလွန်ပင်များအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လက်ရှိအသီးများကို ဆက်လက်ကောင်းမွန်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ စိုက်ခင်းအား ယခုထက် ပိုမိုတိုးတက် ကောင်းမွန်အောင် ပြုစုစောင့်ရှောက်ရန်နှင့် အပင်အာဟာရများ ပုံမှန်ကျွေးမွေးရန် စသည်ဖြင့် လိုအပ်သည်များ မှာကြားသည်။

စိုက်ပျိုးဖြစ်ထွန်း

အဆိုပါ စွန်ပလွန် စိုက်ခင်း ၃ဒသမ၈၁ဧကတွင် အပင်ပေါင်း ၁၉၅ ပင် စိုက်ပျိုးထားပြီး စွန်ပလွန်ပင်သည် အစေ့မှ တိုက်ရိုက်ပျိုးချ စိုက်ပျိုးခြင်း၊ အပင်၏ သားတက်မှ အပင်ပေါက်ဖြင့် စိုက်ပျိုးခြင်းတို့ဆောင်ရွက်နိုင်ပြီး တစ်ပင်လျှင်အသီးခိုင် အနည်းဆုံး သုံးခိုင်မှ အများဆုံး ၁၂ခိုင်အထိရှိကာ တစ်ခိုင်လျှင် အသီး၂၇လုံးမှ အလုံး၃၀၀အထိ ရရှိကြောင်း၊ အပူပိုင်းဒေသများတွင် စိုစွတ်သည့် ရေဓာတ်ရရှိပါက စိုက်ပျိုးဖြစ်ထွန်းလေ့ရှိကာ အဖိုပင်နှင့် အမပင် တွဲ စိုက်ပျိုးရကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးသည်စွန်ပလွန်စိုက်ခင်းအနီးရှိ မြေသုံးဧကတွင် စိုက်ပျိုးထားသည့် ဆီးပင်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးရာ ခြံမန်နေဂျာဦးကျော်ကျော်ဦးမှ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဆီးပင်များအထွက်နှုန်း ကောင်းမွန်ရေးအတွက် ပေါင်းမြက်များ ရှင်းလင်းရေး၊ အပင်မြေဩဇာများ ကျွေးမွေးရေး စသည်ဖြင့် လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အပူပိုင်းဒေသ သီးနှံဗဟိုသုတေသနစိုက်ပျိုးရေးခြံတွင် သီးပင် ၅၀၀ကျော် စိုက်ပျိုးထားပြီး ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြကန်ရေလှောင်တမံ

ဆက်လက်၍ တိုင်းမှူးသည် ညောင်ဦးမြို့နယ် မြကန်ရေလှောင်တမံစီမံကိန်းသို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ မြကန်ရေလှောင်တမံစီမံကိန်း တာဝန်ခံ လက်ထောက်အင်ဂျင်နီယာဦးအောင်မိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဦးအောင်မိုးဝင်းက မြကန်ရေလှောင်တမံအတွင်းသို့လက်ရှိရေဝင်ရောက်မှု အခြေအနေနှင့် ရေထိန်းသိမ်းထားနိုင်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ **(အပေါ်ပုံ)** တိုင်းမှူးက မြကန်ရေလှောင်တမံ၏ အောက်ခြေပိုင်းတွင် ရေယိုစိမ့်မှုရှိ၊မရှိ ဂရုစိုက်စောင့်ကြည့်ရေး၊ မြေသားနံရံ ထိန်းသိမ်းရေးအတွက် ဖြစ်ထွန်းလွယ်သည့် အပင်ကြီးများ စိုက်ပျိုးရေး၊ ရေဝင်ချောင်းများမှလည်း ရေဝင်ရောက်မှု ရှိ၊မရှိတို့အား စစ်ဆေးရေး၊ တမံအနီးတွင်ရေယိုစိမ့်ထွက်မှု ဖြစ်စေနိုင်သည့် ရေတွင်းများ တူးဖော်မှုမရှိစေရေး၊ မိုးရွာသွန်းမှုများသည့် လများတွင် မိုးရေအား လေလွင့်မှု အနည်းဆုံးဖြင့် ထိန်းသိမ်းထားနိုင်ရေး စသည်ဖြင့် လိုအပ်သည်များ မှာကြားသည်။

မြကန်ရေလှောင်တမံ၏ လက်ရှိရေအနက်မှာ ၁၄ဒသမ၂၅ပေ ရှိပြီး ရေပြင်အကျယ်မှာ ၄၁ဒသမ ၄၀ဧကပေ ရှိကြောင်းနှင့် တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ကာ တမံအမြင့် ၃၂ပေ၊ တမံ အလျား ပေ၃၆၀၀ရှိပြီး စိုက်ပျိုးရေပေးဝေနိုင်မည့် ဧရိယာဧကမှာ ၂၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မရမ်းကုန်း ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ရေချမ်းစင်၊ ဆလိုက်မီးနှင့် ရွှေပြားလေးချပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဒေါ်သိန်းတင်လမ်း အမှတ်(၇)နေ မရွှေဇင်မာ (ဆင်ဖြူတော်ဟိုတယ်)က အနန္တ ကျေးဇူးရှင်များအားလုံးကို ရည်စူး၍ မရမ်းကုန်းမြို့နယ်သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ငွေကျပ် ငါးသိန်းရှစ်သောင်းတန်ဖိုးရှိ (ရေသန့်စက်အပါအဝင်) ရေချမ်းစင်တစ်ခု၊ ဆလိုက်မီးတစ်လုံး၊ ကိုးလက်မ ပတ်လည်ရွှေပြားလေးချပ်တို့ကို ဇွန် ၂၂ရက်က ကျရောက်သော မွေးနေ့၌ စေတီတော် ဩဝါဒါ ဆရာတော်ကြီးများအား ပင့်ဖိတ်၍ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို လှူဒါန်းပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ဂုဏ်ပြုလက်မှတ်ပေး

အဆိုပါလှူဒါန်းမှုအစုစုအတွက် စေတီတော်ဂေါပကအဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကို၊ ဦးဘချိုတို့က ဂုဏ်ပြုလက်မှတ်ကို ပေးအပ်သည်။

(အပေါ်ပုံ) (က-ပ)

ပုပ္ပား(၂)မိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၉

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာတွင် လစဉ်တရားခန်းပွဲဖွင့်လှစ်လျက်ရှိရာ ယခု (၁၅၃)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ဩဂုတ် ၁ရက် (ဗုဒ္ဓဟူးနေ့) ညနေအရောက် ယောဂီများလာရောက်ရမည် ဖြစ်သည်။

၎င်းတရားစခန်းပွဲကို ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယ အတိုင်း ဟောကြားကြမည်ဖြစ်ရာ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် မျက်စိဝေဒနာရှင်များအတွက် ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန်အတွက် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မျက်စိအထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ရန်ကုန်မျက်စိအထူးကု ဆေးရုံကြီးမှ ပါမောက္ခဌာနမှူး ဒေါက်တာတင်ဝင်းက မျက်စိခွဲစိတ် ကုသပုံအဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကား ပြောကြားပြီး ရန်ကုန်မျက်စိအထူးကု ဆေးရုံကြီးတွင် တက်ရောက်ခွဲစိတ်ကုသရန် မျက်စိဝေဒနာရှင် ၃၀အတွက် ထောက်ပံ့ငွေကျပ်ကိုးသိန်းကို ပေးအပ်လှူဒါန်းရာ ရန်ကုန် မျက်စိအထူးကု ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင်က လက်ခံယူ၍ ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့သည် ရန်ကုန်မျက်စိအထူးကု ဆေးရုံကြီး၌ တက်ရောက်ခွဲစိတ်ကုသလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးပြီး လူနာများအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဆာကူရာအထူးကုဆေးခန်း မိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၉

ဆာကူရာ အထူးကုဆေးခန်း မိသားစု၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၈ရက် နံနက် ၅ နာရီခွဲက ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ်(၂၃)ရှိ အဆိုပါ ဆေးခန်း၌ ကျင်းပသည်။ အခမ်းအနားတွင် ရာဇဗြိုလ်ကျောင်းတိုက်မှ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇယန္တ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဆေးခန်းပိုင်ရှင် ဦးဌေးအောင်နှင့် မိသားစုများ၊ ဧည့်သည်တော်များနှင့် ဆေးရုံဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် ဗုဒ္ဓပြတိုက်ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတထံမှပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းဆက်ကပ်ကာ ဆရာတော်၊ သံဃာတော်တို့အား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	"တရားကျင့်ဖော်နှင့် ဆုံတွေ့ပါရစေ" တရားတော် အပိုင်း(၁)(အရှင်အဂ္ဂိသ) ပါဠိပါမောက္ခဆရာတော်
၇း၅၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	ပီတိ၏ကြည်နူးမှုပုံရိပ်များ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဓမ္မရသမဂ္ဂဇင်းအုပ်ချုပ်ရေးမှူး ဦးကြည်စင်နှင့်တွေ့ဆုံခြင်း)
၈း၄၀	တေးဂီတအစီအစဉ်
၈း၅၀	သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	Yangon Panorama (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့၏ ဝေဒပညာသင်တန်းများ သင်တန်း ဆင်းပွဲ အခမ်းအနား)
၁၀း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	ကလသာပူရ၏နှလုံးသားပွဲတင်သံ
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (မိုးရာသီတွင် အတွေ့ရများသော အသီးအပွင့်တို့နှင့်ပတ်သက်သည့် ကျန်းမာရေးအမေးအဖြေများ)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင် (ခံတက်ရွက်)
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ကုန်သွယ်စီးပွားနိုင်ငံအား (ဆက်သွယ်ဆောင်ရွက်မည် ကမ္ဘာနှင့်အညီ)
၁၂း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀	အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၁၂း၂၅	Celebrity Style (နဝရတ်နှင့်တွေ့ဆုံခြင်း)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဓမ္မစကြာအခါတော်နေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်က နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၃၀)မြောက် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၂၂၂ရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အမှူးပေးဝေ

ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းထွန်းနှင့် အဖွဲ့ဝင်များက ပါဠိစာပေဌာနမှူး ဘဒ္ဒန္တထေရိန္ဒဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်က အနုမောဒနာတရား ဟောကြားကာ ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ရွှေတိဂုံစေတီတော်

ရန်ကုန်မြို့ သိင်္ဂုတ္တရ ကုန်းတော်ပေါ်၌ ရှေးနှစ်ပေါင်း ၂၅၀၀ကျော်က တည်ထားကိုးကွယ်လာခဲ့သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးတွင် ယနေ့ အရုဏ်တက်ချိန်မှစ၍ မုခ်လေးမုခ် အာရုံခံတန်ဆောင်းများရှိ ကကုသန်၊ ကောဏာဂုံ၊ ကဿပနှင့် ဂေါတမဗုဒ္ဓဆင်းတုတော်များ၊ တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာနှင့် သစ်သီးဆွမ်းကပ်လှူကြသူများ၊ ဓမ္မစက္ကပဝတ္တနသုတ် ပါဠိတော်၊ အနတ္တလက္ခဏသုတ်ပါဠိတော်နှင့် ပရိတ်ကြီး ပါဠိတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေး ဒါနပြုကြသူများ၊ ဆရာတော်သံဃာတော်များ၏ တရားဒေသနာတော် နာကြားကြသူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် ရင်ပြင်တော်သန့်ရှင်းရေး ဝေယျာဝစ္စအသင်းများ၊ ဝတ်အသင်းများနှင့် တစ်သီးပုဂ္ဂလ အလှူရှင်များ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ စတုဒိသာဒါနပေးလှူပွဲ၊ စုပေါင်းသီလခံယူဆောက်တည်ပွဲ၊ တရားပွဲများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

မဟာဝိဇယစေတီတော်

မဟာဝိဇယစေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုသင်္ကန်း ကပ်လှူခြင်းနှင့် ဝါတွင်းသုံးလပတ်လုံး နေ့စဉ် ဝတ်အသင်းများက ဝတ်ရွတ်ပူဇော်ကြမည်ဖြစ်သည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဝါတွင်းတရားပွဲများ ကျင်းပသွားမည်ဖြစ်သည်။

မြတ်စွာဘုရားနှင့် အဂ္ဂသာဝက နှစ်ဆူအားပင့်လျှောက်ခြင်း၊ ဓမ္မစကြာ အခါတော်နေ့ အကြောင်း၊ ဓမ္မစကြာသုတ် အမွှမ်း၊ ဓမ္မစကြာသုတ် ပါဠိတော်၊ အနတ္တလက္ခဏသုတ် ပါဠိတော်နှင့် ဆုတောင်း ပတ္ထနာ မေတ္တာပို့ကဗျာများ ရွတ်ဆိုဆုတောင်းကြသည်။

ရွှေဘုန်းပွင့်စေတီ

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့မွန်းလွဲ၂ နာရီတွင် ရွှေဘုန်းပွင့်တန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြင့်လွင်က အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်း ကပ်လှူ ပူဇော်ခြင်းနှင့် စပ်လျဉ်း၍

ရှင်းလင်းလျှောက်ထားကာ ပုဇွန်တောင်မြို့နယ် သံဃမဟာနာယက ဥက္ကဋ္ဌ ရွှေဘုန်းပွင့်စေတီတော် သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဗြဟ္မာသီရိ ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ သက်တော်ရှည်ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများက သင်္ကန်းအစုံ ၂၀ ကို ပေးအပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဧည့်ပရိသတ်များ တရားရုံးများဆိုင်ရာ ဗုဒ္ဓဘာသာအသင်း၏ (၅၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေစဉ်။

(သတင်းစဉ်)

ကိုးထပ်ကြီးဘုရား

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားတွင် နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များ၏(၂၅)နှစ်မြောက်ဝါတွင်းအဓိဋ္ဌာန်ဖွင့်ပွဲ ငွေရတု ပဏာမနဝင်္ဂအလှူတော်ကို နံနက် အရုဏ်တက်ချိန်တွင် ကျင်းပရာ ဘုရားကြီးအား သာသနာပွဲ၊ အောင်အိုး၊ ဝါဆိုဆွမ်းတော်ကြီး၊ ဝါဆိုပန်းစုံ၊ ဝါဆိုဖယောင်းတိုင်များဖြင့် ဆက်ကပ်ပူဇော်ကြပြီး

လယ်တီ မဟာသရဏဂုံတော်ကြီး ဓမ္မပူဇာအစီအစဉ်ဖြင့်ရွတ်ဆိုပူဇော်ကြသည်။

စွယ်တော်မြတ်စေတီတော်

ဝရဒါဋ္ဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)က ဒသမ အကြိမ် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ပထမအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲတို့ကို ကျင်းပသည်။

ကုသိုလ်ကောင်းမှုပြုသူများစည်ကား

အလားတူ ရန်ကုန်မြို့အတွင်းရှိ ဆူးလေစေတီတော်၊ ခြောက်ထပ်ကြီး၊ မယ်လမု၊ ရန်မျိုးအောင်၊ ရွှေနားပန်၊ တောင်ဥက္ကလာမြို့ဦးစေတီ စသောဘုရား၊ ပုထိုးစေတီများ၌ ယမန်နေ့ညပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများက ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ် ပါဠိတော်များနှင့် ဝတ်ရွတ်စဉ်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ယနေ့ အရုဏ်တက်ချိန်မှစ၍ ညပိုင်းအထိ မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဓမ္မစကြာအခါတော်နေ့အခမ်းအနားများ ကျင်းပခြင်း၊ ဆရာတော်များထံမှ တရားတော်များ နာကြားခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်း၊ စတုဒိသာဒါနပြုခြင်း စသော ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ကုသိုလ်သံများလျှံဝေ

ထို့အတူ ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ ဌာနဆိုင်ရာရုံးများ အလိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ အလှူတော်မင်္ဂလာပွဲများ၊ ဓမ္မစကြာအခါတော်နေ့အခမ်းအနားများ၊ ဥပုသ်သီတင်း သီလခံယူဆောက်တည်ခြင်း၊ တရားတော်များနာကြားခြင်း၊ ကောင်းမှုကုသိုလ်များကို ပြုမူကြလျက်ရှိရာ ရန်ကုန်မြို့တော်တစ်ဝန်းလုံး၌ ပတ္တိဒါန၊ ပတ္တာနုမောဒန ကုသိုလ်သံများဖြင့် လျှံဝေလျက်ရှိသည်။

ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန်မြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ် အစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေဘုန်းပွင့်စေတီတော် သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဗြဟ္မသီရိက သာဓုအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို ဇူလိုင်၂၉ရက် (ဝါဆိုလပြည့်နေ့)တွင် ကျောင်းရှိ သုံးထပ်ကျောင်းဆောင်၌ကျင်းပရာ ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ အမှူးထား၍ ဝါဆိုသံဃာတော်၈၁ပါးတို့အား သင်္ကန်း ၈၁ စုံကို တပည့်ဒါယကာများက စုပေါင်းဆက်ကပ်လှူဒါန်းကြစဉ်။

(က-ပ)

မိုးကောင်းဆုတောင်းပြည့်စေတီ

ရန်ကင်းမြို့နယ် ကျက်သရေဆောင် မိုးကောင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ တေဒင်္ဂမွှာရုံ တည်ဆောက်ခြင်းအတွက် မတည်အလှူငွေပေးအပ်ပွဲနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို နံနက် ၈နာရီတွင် မိုးကောင်းစေတီတော်ဂေါပကအဖွဲ့ ရုံးခန်း၌ကျင်းပရာ အလှူရှင် မိုးကောင်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဇနီး ဒေါ်မြမြအေး (ဒါနသူရဲကောင်း)မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်း၊ အလှူရှင် ၂၂ ဦးတို့က လှူဒါန်းငွေကျပ် ၆၈ သိန်းနှင့်

ပေးအပ်လှူဒါန်း

ဇူလိုင် ၂၉ ရက်က ရန်ကင်းမြို့နယ် ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် တေဒင်္ဂမွှာရုံကြီး တည်ဆောက်ခြင်း မတည်အလှူငွေပေးအပ်ပွဲကို ဂေါပကရုံးခန်း၌ကျင်းပရာ အလှူရှင်ဦးကိုကိုကြီးနှင့် ဒေါ်မြမြအေး(ဒါနသူရဲကောင်းမိသားစု)က ငွေကျပ်၁၀သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးကျော်မင်း (အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ)ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာအေးစေတီတော်

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို နတ်ဗြဟ္မာများပင့်ဖိတ်ခြင်း၊

ကျိုက္ကစံဆံတော်ရှင်စေတီတော်

သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်ကြီးတွင် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်တွင် စေတီတော်ရင်ပြင်၌ကျင်းပရာ အရုဏ်တက်ချိန်တွင် မုခ်လေးမုခ်၌ ဆွမ်းတော်ကြီးတင် ကပ်လှူခြင်း၊ ဘာသာရေးအသင်းဖွဲ့များနှင့် ပုဂ္ဂလိကအလှူရှင်များက ဆွမ်းတော်ကြီး တင်လှူခြင်း၊ အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ပန်း၊ ဆီမီး ဆက်ကပ်ခြင်း၊ တန်ဆောင်းအသီးသီးတွင် ဓမ္မစကြာ တရားတော်များဖြင့် ဝတ်အဖွဲ့များမှ ပူဇော်ကြခြင်း၊ စေတီတော်ကြီး၏ အသင်းအဖွဲ့များမှလည်းအသင်းအလိုက် ဝါဆိုသင်္ကန်း ဆက်ကပ်ကြခြင်း၊ စေတီတော်ရှိ ဓမ္မဗိမာန်တော်ကြီးတွင် အလှူရှင်များနှင့် ဥပုသ်သည်များ စုပေါင်း၍ ဝါဆို သင်္ကန်းကပ်လှူခြင်းနှင့် ဓမ္မစကြာ အခမ်းအနားများကျင်းပခြင်း၊ ဘုရားဖူးပြည်သူများက ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ညနေပိုင်းတွင် အလှူရှင်များက စတုဒိသာအအေးများ တိုက်ကျွေးခြင်း၊ ဘုရားဖူးပြည်သူများနှင့် ဥပုသ်၊သီလ၊ သီတင်း ဆောက်တည်သူများဖြင့် စည်ကားသိုက်မြိုက်လျက် ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တန်ခိုးကြီးဘုရားများ၌ ကောင်းမှုကုသိုလ်ယူ တောင်းဆုပြုသူများဖြင့် စည်ကားလျက်ရှိ



စွယ်တော်မြတ်စေတီတော်(ရန်ကုန်)

ဝရဒါဠာစာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဒသမအကြိမ် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ပထမအကြိမ် ဝါဆိုရွှေကြာသင်္ကန်းများ ဤသို့ ကပ်လှူကြသည်။

မဟာဧယျအတုလမာရဇိန် ကြေးသွန်းဘုရား

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဗဟန်းမြို့နယ် မဟာဧယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် ဤသို့ ကောင်းမှုကုသိုလ်ပြုလျက်ရှိသည်။

ဆူးလေစေတီတော်

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဆူးလေစေတီတော်ရင်ပြင်တွင် ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားအား သစ်သီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ဤသို့ ပူဇော်ကြည်ညိုခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း
တင်စိုးနှင့်သိန်းဝင်းလေး
(မြန်မာ့အလင်း)

ဗိုလ်တထောင် လုပ်သားဓမ္မာရုံ

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝါယာမိန္ဒ (ရေစကြိုဆရာတော်)က တရားတော်များ ဟောကြားရာ ဘုရားဖူး ပြည်သူများ ဤသို့ တရားနာယူကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။

အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရန် ယူအေအီးနှင့်မော်ရိုကို သဘောတူညီမှုရရှိ

ဘာရက် ဇူလိုင် ၂၉

မော်ရိုကိုနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး) နှစ်နိုင်ငံအနေဖြင့် အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း မော်ရိုကိုသတင်းဌာနက ဇူလိုင် ၂၅ရက်၌ သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံအကြား အလုပ်သမားကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရန်လည်း သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဖွဲ့စည်းသွားမည်

ထိုသို့ သဘောတူညီချက်အရ ယူအေအီးနိုင်ငံတွင် မော်ရိုကိုနိုင်ငံသားများ အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် ပူးတွဲစီမံကိန်းတစ်ရပ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

အဆိုပါ အဖွဲ့အစည်းတစ်ရပ် ထူထောင်ခြင်းဖြင့် အလုပ်သမားများ အလုပ်လုပ်ကိုင်ရေး၊ လေ့ကျင့်ရေး၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ လေ့လာသင်ယူနိုင်ရေး၊ အလည်အပတ်ခရီးများ သွားလာနိုင်ရေးတို့ တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့ရှိ မူလတန်းကျောင်းတစ်ကျောင်း၌ ကွန်ပျူတာ အသုံးပြုနေကြသည့် ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီ၌ ကုန်တင်လေယာဉ် ပျက်ကျ

အဒစ်အဘာဘာ ဇူလိုင် ၂၉

ဆိုမာလီနိုင်ငံ၌ ဇူလိုင် ၂၃ ရက်က ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အီသီယိုးပီးယား ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူမှာ လေယာဉ် ပျက်ကျရာနေရာ၌ပင် သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့တင်ပို့၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း အီသီယိုးပီးယား သတင်းအေဂျင်စီက ပြောကြားသည်။

အဆိုပါ အန်တိုနိုဗ်အန်-၂၆ ကုန်တင်လေယာဉ်မှာ အီသီယိုးပီးယားနိုင်ငံ ဒီရာဒါဝါလေဆိပ်မှ ပျံတက်ပြီးနောက် ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်စစ်ပြန်တစ်ဦး၏မိဘများ အမေရိကန်အစိုးရအား ပေါ့လျော့မှုဖြင့်တရားစွဲ

ဘော့စတွန် ဇူလိုင် ၂၉

ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားသော အီရတ်စစ်ပြန် အမေရိကန်တပ်ဖွဲ့ဝင်ဟောင်းတစ်ဦး၏ မိဘများက ၎င်းတို့၏သား စိတ်ကျဝေဒနာခံစားနေရသည်ကို အစိုးရကလျစ်လျူရှုခဲ့သဖြင့် သားဖြစ်သူမှာ မိမိကိုယ်မိမိ ဆွဲကြိုးချသွားခြင်းဖြစ်ကြောင်း စွပ်စွဲလျက် အမေရိကန်အစိုးရကိုပေါ့လျော့မှုဖြင့် ဇူလိုင် ၂၆ ရက်က တရားစွဲလိုက်သည်။

အမေရိကန်စစ်ပြန်မှာ အသက် ၂၃ နှစ်အရွယ်ရှိ ဂျက်ဖရီလူစီဖြစ်ပြီး အီရတ်စစ်ပွဲမှ အိမ်ပြန်လာပြီး တစ်နှစ်မပြည့်မီမှာပင် မက်ဆာချူးဆက်ပြည်နယ်ရှိ ၎င်းမိဘများ၏ နေအိမ်မြေအောက်ခန်း၌ ဆွဲကြိုးချ သေဆုံးသွားခြင်းဖြစ်သည်။

ဝေဖန်

စစ်ပြန်တပ်ဖွဲ့ဝင်များ နေအိမ်ပြန်ရောက်ပြီးနောက် ဂရုပြုစောင့်ရှောက်ခြင်းမရှိသည့်အတွက် ဤအမေရိကန်အစိုးရတွင် အပြစ်ရှိကြောင်း ဂျက်ဖရီ၏ ဖခင်ကေဗင်လူစီက တွေ့ဆုံမေးမြန်းခန်းတွင် ဝေဖန်လိုက်သည်။

တရားစွဲ

မသန်စွမ်း စစ်သည်များအား ကောင်းစွာပြုစုစောင့်ရှောက်မှု မရှိသဖြင့် စစ်ပြန်များ အခွင့်ရေးဆိုင်ရာ အုပ်စုတို့က တရားစွဲပြီးနောက် အထက်ပါစစ်ပြန်၏ မိဘများက အမေရိကန်အစိုးရကို တရားစွဲလိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

နျူကလီးယားအစီအစဉ် နောက်ဆုတ်မည်မဟုတ်ကြောင်း အီရန်သမ္မတ ပြောကြား

တီဟီရန် ဇူလိုင် ၂၉

မိမိတို့၏ နျူကလီးယားအစီအစဉ်အပေါ် နိုင်ငံတကာမှ ဖိအားပေးမှုများ ရှိနေသော်လည်း မည်သည့်အခါမျှ နောက်ဆုတ်မည်မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဇူလိုင် ၂၅ရက်၌ ပြောကြားလိုက်သည်။

မေးခွန်းထုတ်

ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ပြီး ပြုလုပ်နေသည့် နျူကလီးယား အစီအစဉ်ကို မိမိတို့မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းရမည်နည်းဟုလည်း အီရန်သမ္မတက နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းဌာနမှ ပြောကြားရာ၌ မေးခွန်းထုတ်လိုက်သည်။

အနောက်အုပ်စုနိုင်ငံများက အီရန်၏နျူကလီးယားအစီအစဉ်သည် လက်နက်ထုတ်လုပ်ရန် ရည်ရွယ်သည်ဟု သံသယဖြစ်လျက်ရှိသည်။ အီရန်နိုင်ငံကမူ နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်ထုတ်ယူကာ နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

တပ်ဆင်မည်

အီရန်နိုင်ငံသည် ယခုအခါ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် လက်တွဲဆောင်ရွက်လျက်ရှိပြီး သဘောတူညီချက်များလည်း ရရှိထားသည်။ အိုင်အေအီးအေက အီရန်၏နျူကလီးယားစက်ရုံများ၌ စောင့်ကြည့်ရေးကိရိယာများ တပ်ဆင်မည်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လမ်းမများပေါ်တွင် ရေလွှမ်းနေသည်ကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီနှင့် ဗင်နီဇွဲလား မူးယစ်တိုက်ဖျက်ရေး သဘောတူညီမှုရရှိ

လစ္စဘွန်း ဇူလိုင် ၂၉

နှစ်နိုင်ငံ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများကို တိုက်ဖျက်ရန်အတွက် စွမ်းအားပြည့်တိုးမြှင့်ဆောင်ရွက်ရေး ပူးတွဲကော်မတီတစ်ရပ်ကို ထူထောင်ရန် ပေါ်တူဂီနှင့်ဗင်နီဇွဲလားနိုင်ငံတို့ သဘောတူညီလိုက်ကြကြောင်း ပေါ်တူဂီအာဏာပိုင်များက ဇူလိုင် ၂၇ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ ပူးတွဲကော်မတီတစ်ရပ် ထူထောင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကိုလည်း လစ္စဘွန်းမြို့၌ ဇူလိုင် ၂၇ ရက်က နှစ်နိုင်ငံ ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြသည်။

တင်ပြ

ပူးတွဲကော်မတီအနေဖြင့် မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ငွေကြေးခဝါချမှုများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းကိစ္စရပ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း ပထမဆုံးကျင်းပသည့် နှစ်နိုင်ငံအစည်းအဝေးတွင် တင်ပြခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် မူးယစ်မှောင်ခိုမှုများနှင့်ပတ်သက်၍ ကာကွယ်မှု၊ ထိန်းချုပ်မှုနှင့် နှိမ်နင်းမှုများ ပြုလုပ်သွားမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မွန်တီနီဂရိုးနိုင်ငံ ကိုတာမြို့၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဖက်ရှင်ပြပွဲတွင် အီတလီဒီဇိုင်နာတစ်ဦး တီထွင်ဖန်တီးထားသည့် ဝတ်စုံကို ဝတ်ဆင်ပြသသည့် အလှမယ်တစ်ဦးအား ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာပေါ်၌ ဂျပန်အမျိုးသမီးများ အသက်အရှည်ဆုံးဖြစ်

တိုကျို ဇူလိုင် ၂၉

ပြီးခဲ့သည့်နှစ်အတွင်း မွေးဖွားလာသည့် ဂျပန်အမျိုးသမီးများမှာ ပျမ်းမျှသက်တမ်း ၈၅ ဒသမ ၈ နှစ်အထိ နေကြရသည်ဟု မျှော်မှန်းရပြီး ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံးနိုင်ငံသားများ ဖြစ်မည်ဟူ၍လည်း ဇူလိုင် ၂၆ရက်က ထုတ်ပြန်သည့် ဂျပန်အစိုးရစာရင်းအင်းများအရ သိရသည်။

ဒုတိယအသက်အရှည်ဆုံး

ဂျပန်အမျိုးသားများ၏ အသက်မှာလည်း ပျမ်းမျှ ၇၉ နှစ်အထိ ရှည်မည်ဖြစ်ရာ ပျမ်းမျှသက်တမ်း ၇၉ ဒသမ ၄ နှစ် ရှည်သည့် အိုက်စလန်ကျွန်းသားများပြီးလျှင် ကမ္ဘာပေါ်၌ ဒုတိယ အသက်အရှည်ဆုံးအမျိုးသားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။

ထိပ်ဆုံးမှနေရာယူ

ကမ္ဘာ့သက်တမ်းအရှည်ဆုံး အမျိုးသမီးများစာရင်းတွင် နှစ်ပေါင်း ၂၂နှစ်ကြာ ဂျပန်အမျိုးသမီးများက ထိပ်ဆုံးမှနေရာယူထားနိုင်ခြင်းမှာ အခြားအကြောင်းများထက် ဂျပန်အမျိုးသမီးများ၏ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာနှင့် ခိုင်မြဲသော လူမှုသံယောဇဉ် နှောင်ဖွဲ့မှုတို့ကြောင့် ဖြစ်မည်ဟုဆိုသည်။

(အင်တာနက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်တပ်ကုန်း ရွာဦး စန္ဒာရုံကျောင်း၊ မိုဃ်းကောင်းဘုရားကြီးကျောင်းနှင့် မြို့မသီဟနာဒကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့်ဇနီး၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရွာဦးစန္ဒာရုံကျောင်း ကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသီရိထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် သံဃာတော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က နာယူကြပြီး ဆရာတော်၊ သံဃာတော်တို့အား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(အပေါ်ယာပုံ) (သတင်းစဉ်)

တာမွေမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးမိသားစု ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၉

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက် ၉နာရီခွဲက တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

နာယူ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မသုခစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇာတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အမှုဆောင်များမှ ဝါဆိုသင်္ကန်း ၅၃ စုံနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တသုဇာတထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(က-ပ)

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ (၃)၊ အမှတ် (၂၉) ဖြန့်ချီ

ရန်ကုန် ဇူလိုင် ၂၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၂၉) တွင် **'အလိုကြီး အရနည်း မဖြစ်လိုပါ'** မျက်မှောက်ရေးရာ သုံးသပ်ချက် အထူးသတင်းဆောင်းပါးနှင့်အတူ ခရီးသည်တင်ယာဉ်လိုင်းများမှ ဒိုင်နာယာဉ်များ တဖြည်းဖြည်း ရုပ်သိမ်းသွားမည်၊ အင်းစိန် ဂျီတီအိုင်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်းပေး၊ ပြည်ပထွက်ခွာမည့်သူများ လူစားထိုးဆေးစစ်ခြင်း မပြုသင့်၊ အလှူဒါနအတွက် လက်မတွန့်တတ်သည့် မြန်မာလူမျိုးတို့ စိတ်ထားအပေါ် ခုတုံးလုပ် လိမ်လည် တောင်းယူသူများပြားလာ၊ ရန်ကုန်စည်ပင်နယ်နိမိတ် ၁၉မြို့နယ်တွင် အိမ်မွေးတိရစ္ဆာန် ခွေး၊ကြောင်မှအပ အခြားတိရစ္ဆာန်များ မွေးမြူခွင့်တားဆီးရန် လျာထားချက်ရှိစသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'အရင်ကတော့ ရီးရဲလ်ရဲ့ကစားသမား၊ အခုရီးရဲလ်ကို နည်းပြဘဝနဲ့ ပြန်လာတဲ့ ဘန်ရှူးစတား' အားကစားဆောင်းပါးနှင့်အတူ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံစံချိန် ဒူဘိုင်းတိုက်က ချိုးတော့မည်၊ ဟယ်ရီပေါ်တာ အံ့ဖွယ်ဖြစ်စဉ် နောက်ဆုံး သတ္တမစာအုပ်၌ အထွတ်အထိပ်သို့ရောက်၊ ထိုင်း ဆပ်ကပ်ဆင် လူတစ်ဦးကို နင်းခြေသတ်၊ ငလျင်ဒဏ်ထိ ဂျပန်အဏုမြူ လျှပ်စစ်စက်ရုံ တစ်နှစ်ကြာပိတ်ထားရဖွယ်ရှိ၊ ကုလသမဂ္ဂ အကြီးအကဲက သမ္မတဘုရှ်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အဆိုကိုကြိုဆို စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

အာဆီယံရဲတပ်ဖွဲ့ဝင်များ ဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၂၉

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) နှစ်(၄၀)ပြည့် အထိမ်းအမှတ်နှင့် ဗီယက်နမ်နိုင်ငံရဲတပ်ဖွဲ့ (၄၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အာဆီယံရဲတပ်ဖွဲ့ဝင်များ ဘောလုံးပြိုင်ပွဲကို ဗီယက်နိုင်ငံ၌ ဇူလိုင် ၃၁ရက်မှ ဩဂုတ်၁၅ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

လိုက်ပါဆောင်ရွက်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးအသင်းကို အုပ်ချုပ်သူနှင့် နည်းပြလေးဦး၊ အားကစားသမား ၁၈ဦး စုစုပေါင်း အဖွဲ့ဝင်၂၂ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒုတိယရဲမှူးကြီးခင်ထွန်း (ဒုတိယညွှန်ကြားရေးမှူး ၊ ဘဏ္ဍာ)၊ နည်းပြအဖြစ် ဒုတိယရဲမှူးသန်းအေး၊ အသင်းဆရာဝန်အဖြစ် ဒုတိယရဲမှူးစိုးမြတ်ဝင်း၊ အကူနည်းပြအဖြစ် ဒုတိယရဲအုပ်စိုးလေးတို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

ပါဝင်ကြ

အားကစားသမားများအဖြစ် **(ဂိုး)** ညီညီလွင်၊ မျိုးလွင်၊ **(နောက်တန်း)** ဇော်လင်းထွန်း၊ မျိုးဝင်းအောင်၊ ဇော်ဇော်အောင်၊ ဟန်ထွန်း၊ အောင်မျိုးသူ၊ အေးမင်းငြိမ်း၊**(အလယ်တန်း)** ခင်မောင်လွင်၊ အောင်ဖြိုးမြင့်၊ ချစ်ကိုကို၊ စိုးငြိမ်း၊ နေလင်းထွန်း၊ **(ရှေ့တန်း)** စည်သူဝင်း၊ ဇော်ကိုကိုဦး၊ ကျော်ဦး၊ အောင်နိုင်ဝင်း၊ ထွန်းထွန်းနိုင်တို့ ပါဝင်ကြသည်။

သတင်းဆောင်းပါး-ကိုထွေး

အာဆီယံရဲတပ်ဖွဲ့ဘောလုံးပြိုင်ပွဲအတွက် အုပ်စုရေးဆွဲထားရာ အုပ်စု(က)တွင် ဗီယက်နမ်ရဲတပ်ဖွဲ့အသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ မလေးရှားရဲတပ်ဖွဲ့အသင်း၊ လာအိုရဲတပ်ဖွဲ့အသင်းနှင့် တရုတ်(ယူနန်) ရဲတပ်ဖွဲ့အသင်း၊ အုပ်စု(ခ)တွင် ဘရူနိုင်းရဲတပ်ဖွဲ့အသင်း၊ ကမ္ဘောဒီးယားရဲတပ်ဖွဲ့အသင်း၊ ထိုင်းရဲတပ်ဖွဲ့အသင်းနှင့် စင်ကာပူရဲတပ်ဖွဲ့အသင်းတို့ ပါဝင်ကြသည်။

ဗိုလ်လုပွဲ

အုပ်စု(က)ပွဲစဉ်များကို နန်နင်းမြို့ Thien Troung Stadium ၌လည်းကောင်း၊ အုပ်စု(ခ)ပွဲစဉ်များကို ဟန္နိုင်းမြို့ Hong Day Stadium ၌လည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၁၅ရက်တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများအားလုံး တက်ရောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းသည် ဇူလိုင် ၃၁ရက်တွင် လာအိုရဲတပ်ဖွဲ့အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၃ ရက်တွင် မလေးရှားရဲတပ်ဖွဲ့အသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၉ရက်တွင် ဗီယက်နမ်ရဲတပ်ဖွဲ့အသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၁၁ရက်တွင် တရုတ်(ယူနန်) ရဲတပ်ဖွဲ့အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထွက်ခွာကြမည်

အာဆီယံရဲတပ်ဖွဲ့ဝင်များဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဘောလုံးအသင်းသည် ဇူလိုင် ၃၀ရက် **(ယနေ့)** နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကျန်းမာရေးအတွက် ခြင်ဆေးဖျန်း

ရန်ကုန် ဇူလိုင် ၂၉

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂) ဦးစောဥက္ကာထွန်းနှင့်အဖွဲ့သည် ဇူလိုင်၁၅ရက်က ပုသိမ်မြို့ အမှတ်(၁၀)ရပ်ကွက်နယ်မြေ အမှတ်(၃၇) အခြေခံပညာမူလတန်းကျောင်းတွင် ကလေးသူငယ်များ၏ ကျန်းမာရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

STI Education က ကြီးမှူး
စင်ကာပူနိုင်ငံ စီးပွားရေးနှင့်စီမံခန့်ခွဲရေး လေ့လာရေးခရီးသွားမည်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံမှ STI Education နှင့် စင်ကာပူသမ္မတနိုင်ငံ GBS ကျောင်းတို့ စီစဉ်မှုဖြင့် ဩဂုတ်လ နောက်ဆုံးပတ်တွင် စင်ကာပူသမ္မတနိုင်ငံ၏ စီးပွားရေးနှင့်စီမံခန့်ခွဲရေး ပညာပေးလေ့လာရေးခရီးကို ရက်သတ္တနှစ်ပတ်မှ လေးပတ်ခန့်ကြာ သွားရောက်လေ့လာကြမည်ဖြစ်သည်။

လေ့လာရေးခရီးတွင် စီမံခန့်ခွဲမှု ဘာသာရပ်နှင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်စီမံခန့်ခွဲမှု ဘာသာရပ်တို့ကို Guilford Business School ၏ စီးပွားရေးပညာရှင်များကိုယ်တိုင် ဟောပြောပို့ချကြမည်ဖြစ်သည်။ ခရီးစဉ်တွင် တနင်္လာနေ့မှ သောကြာနေ့အထိ ပို့ချချက်များ သင်ယူခြင်းနှင့် ကုမ္ပဏီများလေ့လာရေးခရီးရှိမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့များတွင် ထင်ရှားကျော်ကြားသည့် နေရာဒေသများသို့ အလည်အပတ်သွားရောက်ခြင်းနှင့် အပျော်စီးသင်္ဘော ခရီးစဉ်များရှိမည်ဖြစ်သည်။

လေ့လာမည်

စီးပွားရေးပညာရှင်များက တစ်နေ့လျှင် ခြောက်နာရီကြာ ပို့ချမည်ဖြစ်ပြီး ဝါရင့်စီးပွားရေးပညာရှင်များနှင့် အပြန်အလှန် ဆွေးနွေးနိုင်မည့် အခွင့်အလမ်း ရရှိမည်ဖြစ်သည်။ လေ့လာရေးခရီးစဉ်တွင် စင်ကာပူသမ္မတနိုင်ငံအတွင်းရှိ စင်ကာပူအမျိုးသားတက္ကသိုလ်၊စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်၊ နန်ယန်း နည်းပညာတက္ကသိုလ်၊ မြို့ပြလေကြောင်းအဖွဲ့၊ စင်ကာပူဗဟိုဘဏ်၊ စင်ကာပူဆက်သွယ်ရေးကုမ္ပဏီ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီ၊ မြို့ပြမြေယာစည်ပင်ရေးအဖွဲ့၊ အိုးအိမ်စည်ပင်ဘုတ်အဖွဲ့၊ မြို့ပြလေကြောင်းအဖွဲ့၊ အာရှ-ပစိဖိတ် အဖျော်ယမကာကုမ္ပဏီ၊ စင်ကာပူဆိပ်ကမ်းဦးစီးအဖွဲ့၊ MI ဆက်သွယ်ရေးကုမ္ပဏီ၊ Star Hub ဆက်သွယ်ရေး၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေး ကုမ္ပဏီအပါအဝင် ထင်ရှား ကျော်ကြားသည့် ၁၅နေရာသို့ သွားရောက် လေ့လာကြမည် ဖြစ်သည်။

ဆက်သွယ်နိုင်

ထိုလေ့လာရေးခရီးစဉ်ကို STI Education က တာဝန်ယူ စီစဉ်မည်ဖြစ်ပြီး ပါဝင်လိုက်ပါလိုသူများသည် STI Education တည်ရှိရာ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက် အဆောက်အအုံ အဆောင် ၇၊ အခန်း ၃နှင့် အဆောင်၄၊ အခန်း၇ ဖုန်း-၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၂၊ ၅၀၇၁၅၁ တို့သို့ ဆက်သွယ်နိုင်သည်။

၎င်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ဇူလိုင် ၂၈ရက် ညနေ ၃နာရီတွင် မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ကျင်းပကြောင်း သိရသည်။

ထို့အပြင် Mr.David Stevens က သင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း ဒီဇိုင်းနှင့် ၎င်း၏ ဖွဲ့စည်းတည်ဆောက်ပုံအကြောင်းကို မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ပို့ချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

၂၀၀၇ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲစတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် MIKKO Food Marketing Co.,Ltd.တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ စတင်ကျင်းပရာ အမျိုးသား အလွတ်တန်းအသင်း ၁၁ သင်း၊ အမျိုးသားအသက် (၂၀)နှင့်အောက် ခုနစ်သင်း၊ အမျိုးသမီးအသင်းလေးသင်း စုစုပေါင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

"အမျိုးသမီးအသင်းအနေဖြင့် စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းနှင့် ပြည်နယ်နှင့်တိုင်း အတွေ့အကြုံ ဝါရင့်သည့် လက်ရွေးစင်များဖြင့် လေးနှစ်ဆက်တိုက် အောင်နိုင်ရေးအတွက် စုစည်းယှဉ်ပြိုင်လျက်ရှိကြောင်း"

ဦးအုန်းမြင့်
အသင်းအုပ်ချုပ်သူ
လယ်ယာ/ဆည်မြောင်း

အမျိုးသား(အလွတ်တန်း)ပြိုင်ပွဲတွင် အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကြရာ (က)အုပ်စုတွင် (လယ်ယာ/ဆည်မြောင်း)၊ Last Vampire နှင့် Star Boy၊ (ခ)အုပ်စုတွင် ကာကွယ်ရေး၊ MIKKO နှင့် စက်မှု(၁)၊ အုပ်စု(ဂ)တွင် Fox၊ သံလွင် (A)နှင့် Fun Face၊ အုပ်စု(ဃ)တွင် Friendship နှင့် သံလွင် (B)တို့ ပါဝင်ကြသည်။

အမျိုးသား အသက် (၂၀)နှင့်အောက် ပြိုင်ပွဲ၌ (က) အုပ်စုတွင် Best From The East အသင်း၊ Ferious အသင်း၊ Ruby အသင်းနှင့် (လယ်ယာ/ဆည်မြောင်း)၊ (ခ)အုပ်စုတွင် မွန်ပြည်နယ်၊ Spree နှင့် K.K.S အသင်းတို့ ပါဝင်ကြသည်။

ဗိုလ်လုပွဲဆင်နွှဲမည်

အမျိုးသမီး(အလွတ်တန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်း၊ (လယ်ယာ/ဆည်မြောင်း)၊ စက်မှု(၁)နှင့် ပြည်ထဲရေး အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ အမျိုးသမီး(အလွတ်တန်း) ပြိုင်ပွဲကို အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်စေပြီး ပထမနှင့်ဒုတိယ အမှတ်အများဆုံးရ အသင်းနှစ်သင်း ဗိုလ်လုပွဲဆင်နွှဲရမည်ဖြစ်သည်။

အနိုင်ရရှိထား

အမျိုးသား အသက်(၂၀)နှင့်အောက် (က)အုပ်စုတွင် (လယ်ယာ/ဆည်မြောင်း) အသင်းက Best From The East အသင်းကို ၅၄ မှတ် ၄၆ မှတ်ဖြင့် လည်းကောင်း၊ (ခ)အုပ်စု ပြိုင်ပွဲတွင် Spree အသင်းက K.K.S အသင်းကို ၆၂ မှတ် ၄၁ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသား (အလွတ်တန်း) ပြိုင်ပွဲ(က)အုပ်စုတွင် Star Boy က Last Vampires ကို ၇၅ မှတ် ၂၉ မှတ်ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိထားသည်။

အမျိုးသမီး (အလွတ်တန်း)ပတ်လည် ပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက ရန်ကုန်တိုင်းအသင်းကို ၅၆ မှတ် ၂၂ မှတ်ဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ- သိန်းဝင်းလေး(မြန်မာ့အလင်း)

အပြီးတွင် မြန်မာ့အလင်း သတင်းအဖွဲ့သည် ယမန်နှစ် အမျိုးသားချန်ပီယံနှင့် အမျိုးသမီးချန်ပီယံဆု ရရှိထားသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းအုပ်ချုပ်သူ ဦးအုန်းမြင့်နှင့် တွေ့ဆုံ၍ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုနှင့် ပါဝင်ယှဉ်ပြိုင်မှု အခြေအနေများကို မေးမြန်း၍ ရေးသား ဖော်ပြအပ်ပါသည်။

ရှင်းပြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းအုပ်ချုပ်သူ ဦးအုန်းမြင့်က **"မိမိတို့ အမျိုးသား (အလွတ်တန်း) အသင်းအနေဖြင့် (က)အုပ်စုတွင် ပါဝင်ပြီး အုပ်စုကျွတ်၍ ကွာတားတက်ရန် သေချာသလောက် ရှိကြောင်း၊ မိမိတို့ အမျိုးသားအသင်းတွင် ရန်ကုန်တိုင်းအသင်းမှ အများစု ပါဝင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းအချို့မှ လက်ရွေးစင်များ ပါဝင်ကြောင်း၊ ပြိုင်ပွဲ အတွေ့အကြုံများသည့် ကစားသမားများနှင့် မျိုးဆက်သစ်များပါဝင်ယှဉ်ပြိုင်ပြီး ချန်ပီယံဘွဲ့ကို အစွမ်းကုန် ကာကွယ်သွားမည် ဖြစ်ကြောင်း၊ အမျိုးသား အသက် (၂၀)နှင့် အောက် ပြိုင်ပွဲတွင် ယခုနှစ်မှ စတင်ယှဉ်ပြိုင်သော်လည်း စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြည်နယ် လက်ရွေးစင် အချို့နှင့် ပါဝင်ယှဉ်ပြိုင်ထားကြောင်း၊ အမျိုးသမီးအသင်းအနေဖြင့် စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းနှင့် ပြည်နယ်နှင့်တိုင်း အတွေ့အကြုံ ဝါရင့်လက်ရွေးစင်များဖြင့် လေးနှစ်ဆက်တိုက် အောင်နိုင်ရေးအတွက် စုစည်းယှဉ်ပြိုင်လျက်ရှိကြောင်း"** မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

အကြိုတ်အနယ်ယှဉ်ပြိုင်မည်

ဇူလိုင် ၃၀ ရက် **(ယနေ့)** နံနက် ၉ နာရီမှစတင်၍ အမျိုးသား (အလွတ်တန်း)ပြိုင်ပွဲများအဖြင့် (ဃ)အုပ်စုမှ Friendship အသင်းနှင့် သံလွင်(B)၊ (က)အုပ်စုမှ Star Boy နှင့်(လယ်ယာ/ဆည်မြောင်း)၊ (ခ)အုပ်စုမှ စက်မှု(၁) နှင့် ကာကွယ်ရေး၊ (ဂ)အုပ်စုမှ Fun Face အသင်းနှင့် Fox အသင်း၊ အမျိုးသားအသက်(၂၀)နှင့် အောက် ပြိုင်ပွဲတွင် K.K.S နှင့် မွန်ပြည်နယ်၊ အမျိုးသမီး အလွတ်တန်း (ပတ်လည်) ပြိုင်ပွဲတွင် (လယ်ယာ/ဆည်မြောင်း) နှင့် စက်မှု(၁)တို့ အကြိတ်အနယ် ဆက်လက် ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သတင်းစကားဖော်ပြအပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ အမျိုးသမီး (အလွတ်တန်း)ပြိုင်ပွဲတွင် ပြည်ထဲရေးနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၂၂ရက်က ကျင်းပခဲ့သည့် အာရှကြက်တောင်အဖွဲ့ချုပ် အထူးအစည်းအဝေးနှင့် နှစ်ပတ်လည် ညီလာခံသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ (ဂရိတ်ဝေါလ်ဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)၊ ဒုတိယဥက္ကဋ္ဌ ဦးဘလှိုင် [နယူးဘရားသား(စ်) လီမိတက်]နှင့် အထွေထွေ အတွင်းရေးမှူး ဦးရော်ဘင်တင်တို့အား တွေ့ရစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၇-၂၀၀၇ရက်(တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ တိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar Made Easy (Writing Paragraphs and Essays)

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (ရူပဗေဒအထူးပြု)[ရူပဗေဒ]
၁၇:၁၅ ၆။ အကပဒေသာ
၁၇:၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၅ ၈။ တိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၀ ၁၀။ **ဆုံစည်းခွင့်** မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ (ဒါရိုက်တာ-သိန်းဟန်-ဖီးနစ်)
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ ပြိုင်းချောင်းရေလှောင်တမံ
၁၈:၄၀ ၁၄။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၈:၅၅ ၁၅။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (အင်းလေးဒေသ ပန်းထိမ်လုပ်ငန်း)
၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း-၂၀)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၃၁)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင်ကျင်းပသော အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင်များအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား ဇူလိုင် ၂၈ ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ တွေ့ရစဉ်။ (က-ပ)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ရေပုပ်များ စနစ်တကျစွန့်ပစ်စေချင်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် နတ်လူထိပ်ပန်ရပ်ကွက် အမြင့်လမ်းဘေးရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းမှ စွန့်ပစ်ရေများကို ခြံအတွင်း ရေပုပ်ကျင်းဖြင့် သိုလှောင်ထားခြင်းကြောင့်လည်းကောင်း၊ ခြံရှေ့ရှိ ရေမြောင်းအတွင်း စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့်လည်းကောင်း အနီးဝန်းကျင်နေထိုင်သူများ အနံ့ဆိုးများ ရှူရှိုက်နေရပါသဖြင့် ယင်းလုပ်ငန်းကို လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မုံရွာသား**

ရေခဲစက် ဆူညံသံ နားမခံနိုင်

စာတည်းရှင့်-

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်း ရွှေတောင်ကြား (၂)ရပ်ကွက်ရှိ နေ့ညမပြတ်လည်ပတ်နေသော ရေခဲစက်ဆူညံသံကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

လိုင်စင်မဲ့ဆိုင်ကယ်(ကယ်ရီ)များ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ကျုံတာကျေးရွာ၏ တစ်ခုတည်းသော လမ်းပေါ်တွင် နေ့စဉ်နှင့်အမျှ လိုင်စင်မဲ့ဆိုင်ကယ်(ကယ်ရီ)များ စတန့်ထွင်ပြီး မဆင်မခြင်မောင်းနှင်နေပါသဖြင့် ခရီးသွားများ အသက်အန္တရာယ်စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျုံတာသား**

ရေမြောင်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၃)ရပ်ကွက် ဘုရားလမ်းနှင့် အောင်မေတ္တာလမ်းထောင့်ရှိ အိမ်တစ်အိမ်သည် လမ်းနယ်နိမိတ်အတွင်း ဆောက်ထားရာ ရေမြောင်းများပိတ်ဆို့ပြီး အနံ့အသက်ဆိုးများကို ရှူရှိုက်နေရပါသောကြောင့် ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရမ်းသား**

အမှိုက်ပုံ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် အေးရတနာလမ်းနှင့် သီရိဂုဏ်အိမ်ရာထောင့်ရှိ အမှိုက်ပုံမှာ အမှိုက်များ စုပုံများပြားနေပါသဖြင့် ရှင်းလင်း ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းစေလိုသူ**

မဟာသိပ္ပံလမ်းနှင့် အိမ်ခြံများတိုးချဲ့ကာရံမှု ရှင်းလင်းပြီး

၁၅-၄-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျုံပျော်မြို့နယ် အထောင်ရွာ မဟာသိပ္ပံလမ်း အိမ်ခြံများ တိုးချဲ့ကာရံမှုကြောင့် လမ်းကျဉ်းမြောင်းလာ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ဂျိုးဖြူရေမှန်မှန်လာရန် ဆောင်ရွက်ပြီးစီး

၂၂-၁-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ဥက္ကလာပမြို့နယ် ၉ ရပ်ကွက် ဇာနည် ၁၀ လမ်းတွင် ဂျိုးဖြူရေမှန်မှန်လာစေချင်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးမှာ ဆက်ရှိနေတော့မည့် တယ်ရီ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇူလိုင် ၂၉

အချိန်အတန်ကြာ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ ချယ်လ်ဆီးနဲ့ တယ်ရီတို့ရဲ့ စာချုပ်အသစ်ချုပ်ဆိုရေးဟာ အခုအချိန်မှာတော့ အောင်မြင်စွာနဲ့ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဂျွန်တယ်ရီကို ချယ်လ်ဆီးကလပ်က ငါးနှစ်စာချုပ်တစ်ရပ်နဲ့ လာမယ့် ၂၀၁၂ခုနှစ်အထိ စာချုပ်ခဲ့တာမို့ ဂျွန်တယ်ရီ အသင်းပြောင်းမယ်ဆိုတဲ့ ဝေဖန်ချက်တွေကိုလည်း ကန့်လန့်ကာချခဲ့ပြီ ဖြစ်ပါတယ်။

စာချုပ်ချုပ်ဆို

လုပ်ခလစာနဲ့ပတ်သက်ပြီး အငြင်းပွားနေခဲ့တဲ့ ဂျွန်တယ်ရီနဲ့ စာချုပ်သစ်ချုပ်ဆိုရေးကို ချယ်လ်ဆီးကလပ်က လိုက်လျောမှုပြုခဲ့တာမို့ အခုလို ချယ်လ်ဆီးက စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

တန်းတူဖြစ်

အခုဆိုရင် ဂျွန်တယ်ရီက သီတင်းတစ်ပတ်လုပ်ခလစာ ပေါင် ၁၃၀၀၀၀ ရရှိမှာဖြစ်တာမို့ သူလိုချင်နေတဲ့လုပ်ခလစာကို ရရှိခဲ့ပြီဖြစ်ပါတယ်။ ဒီလုပ်ခငွေကြေးဟာ ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုရတဲ့ လုပ်ခလစာငွေကြေးနဲ့ တန်းတူဖြစ်သွားခဲ့ပြီဖြစ်ပါတယ်။

အသက် ၂၆နှစ် အရွယ်ရှိတဲ့ ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်း အောင်မြင်မှုတွေ ရရှိအောင် အဓိကစွမ်းဆောင်ပေးနေတဲ့ ကစားသမားတစ်ဦးမို့ ဒီလိုလုပ်ခလစာ ပေးရတာဟာ မများပါဘူးလို့တော့ ချယ်လ်ဆီးကလပ်တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

ဦးဆောင်

ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ဘောလုံးပွဲ ၃၀၀လောက် ကစားပေးခဲ့ပြီးဖြစ်သလို ပွဲတိုင်းလိုလို ခြေစွမ်းပြနိုင်ခဲ့တဲ့ ဗဟိုခံစစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ အဓိကမောင်းနှင်အားလည်းဖြစ်ပြီး ချယ်လ်ဆီးအသင်းရဲ့ အသင်း ခေါင်းဆောင်တစ်ဦး ပီသစွာ အသင်းကို ဦးဆောင်ပြီး ကစားနိုင်တဲ့သူ ဖြစ်ပါတယ်။

အခု စာချုပ်သစ် ချုပ်ဆိုခဲ့မှုအပေါ် တယ်ရီကပြောကြားရာမှာ ဒီလိုစာချုပ်ချုပ်နိုင်တာဟာ တကယ့်ကို ဝမ်းသာစရာကောင်းပါတယ်။ ကျွန်တော်ကိုယ်တိုင်က ချယ်လ်ဆီးအသင်းမှာပဲ ဆက်ကစားနေချင်တဲ့သူပါ။ အခု ကျွန်တော်လိုချင်တဲ့ လုပ်ခလစာ ရပြီဆိုတော့ အသင်းအတွက် အားသွန်ခွန်စိုက်ကြိုးစားပြီး အောင်မြင်မှုတွေ ရယူပေးသွားမှာပါလို့ ပြောကြားခဲ့ပါတယ်။

ဂျွန်တယ်ရီ

ချယ်လ်ဆီး ခံစစ်မှူး ဂျွန်တယ်ရီ။ (ဓာတ်ပုံ-အင်တာနက်)

ဝမ်းသာစရာ

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကတော့ အခုလို စာချုပ်နိုင်တာဟာ ချယ်လ်ဆီးအသင်းအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာမို့ ဝမ်းသာစရာပါ။ တယ်ရီလိုကစားသမားမျိုးဟာ ချယ်လ်ဆီးအသင်းမှာ ရှိနေသင့်တဲ့ကစားသမားဆိုတာ ပြောစရာမလိုပါဘူးလို့ ပြောကြားခဲ့ပါတယ်။

နှောင့်နှေးနေ

ဒါပေမယ့် ချယ်လ်ဆီးအသင်းအတွက် လမ်းပတ်လို ကစားသမားမျိုးကိုလည်း အမြန်ဆုံး စာချုပ်ဖို့ လိုအပ်ကြောင်း မော်ရင်ဟိုက တိုက်တွန်းပြောကြားလိုက်ပါတယ်။ လမ်းပတ်သည်လည်း လုပ်ခလစာနဲ့ပတ်သက်ပြီး ချယ်လ်ဆီးအသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုရေး နှောင့်နှေးနေရသူ တစ်ဦးဖြစ်နေလို့ပါပဲ။

စိတ်မချမ်းမသာ

အမှန်အတိုင်းဆိုရင်တော့ ပြီးခဲ့တဲ့နှစ်ကတည်းက ချယ်လ်ဆီးအသင်းကို မိုက်ကယ်ဘောလက်နဲ့ ရှက်ဗ်ချင်ကိုတို့ ရောက်ရှိလာကတည်းကစပြီး လုပ်ခလစာနဲ့ ပတ်သက်၍ တယ်ရီနဲ့ လမ်းပတ်တို့က စိတ်မချမ်းမသာ ဖြစ်နေခဲ့ကြတယ်လို့ ဆိုပါတယ်။

ထောက်ခံချက်ပေးထား

တကယ်တမ်း ချယ်လ်ဆီးအသင်းမှာ အဓိကစွမ်းဆောင်ရှင်တွေ ဟာ တယ်ရီနဲ့ လမ်းပတ်ဆိုတာ ငြင်းစရာမလိုတဲ့ ကစားသမားတွေပါပဲ။ လုပ်ခလစာ တန်းတူပေးဖို့ဆိုတာ တောင်းဆိုသင့်တဲ့ အချက်ပါပဲလို့ မော်ရင်ဟိုက သူ့တပည့်တွေနဲ့ပတ်သက်ပြီး ထောက်ခံချက်ပေးထားပါတယ်။

တိုက်တွန်းနေခဲ့

ဒါ့အပြင် ချယ်လ်ဆီးအမှုဆောင်လူကြီးတွေကိုလည်း တယ်ရီနဲ့ လမ်းပတ်တို့ကို စာချုပ်အသစ် ချုပ်ဆိုရေးအတွက် ဦးစားပေးလုပ်ဆောင်သင့်တယ်လို့ တစ်ချိန်လုံး တိုက်တွန်းနေခဲ့တာပဲ ဖြစ်ပါတယ်။

တယ်ရီဟာ ချယ်လ်ဆီးအသင်းကို အသက် ၁၄နှစ်အရွယ်ကတည်းက ရောက်ရှိပြီး လူငယ်အသင်းမှာ စတင်ကစားခဲ့တဲ့ သူပါပဲ။ ချယ်လ်ဆီး အမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်းကတော့ တယ်ရီဟာ ချယ်လ်ဆီးအသင်းအတွက် လိုအပ်တဲ့ ကစားသမားတစ်ဦးပါလို့ ပြောကြားခဲ့ပါတယ်။

တယ်ရီဟာ ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလားနှစ်ခု၊ အက်ဖ်အေဖလားတစ်ခုနဲ့ ကားလင်းဖလားနှစ်ခုရယူပေးထားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်တာမို့ သည်ငွေကြေးဟာ မများလွန်းပါဘူးလို့ ပီတာကင်ယွန်းက ပြောကြားနေပါကြောင်း တင်ပြလိုက်ပါတယ်။ ။**(ကိုးကား-အင်တာနက်)**

ရာသီအကြို ချစ်ကြည်ရေးခြေစမ်းပွဲ ချယ်လ်ဆီးတို့ ရိန်းဂျားစ်ကိုရှုံးနိမ့်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဂလက်စ်ဂေါ ဇူလိုင် ၂၉

ချယ်လ်ဆီးအသင်းသည် ရိန်းဂျားစ်အသင်းနှင့် ဇူလိုင် ၂၈ရက်က ဂလက်စ်ဂေါ၌ ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားရာတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။

ရိန်းဂျားစ်အသင်းအတွက် အနိုင်ဂိုးများကို နာချိုနိုဗိုနှင့် ဖီးလစ်ဆီဘိုတို့က သွင်းယူပေးခဲ့ကြခြင်း ဖြစ်သည်။

အလားအလာကောင်း

ရိန်းဂျားစ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် အက်ဖ်ကေဇီတာအသင်းနှင့် ချန်ပီယံလိဂ် ပထမအကျော့ ခြေစစ်ပွဲကစားရန် အလားအလာ ကောင်းသွားသည်။

ချယ်လ်ဆီးနှင့် ရိန်းဂျားစ်တို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။
(ဓာတ်ပုံ- အင်တာနက်)

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာသည် ခေါင်းတိုက်ဂိုးသွင်းယူရာတွင် ဘောလုံးမှာ အပေါ်ထောင်တက်သွားသဖြင့် တစ်ဂိုးနှစ်နာခဲ့ရသည်။ ၎င်း၏ကစားဖော် လူသစ်ကစားသမား မာလူဒါသည်လည်း အဝေးမှအမှတ်မထင် လှမ်းကန်သွင်းခဲ့သော်လည်း ဂိုးကံခေခဲ့ရသည်။ ပွဲပြီးရန် လေးမိနစ်အလိုတွင် ရိန်းဂျားစ်အသင်းက နှစ်ဂိုးဆင့်သွင်းလိုက်သဖြင့် ချယ်လ်ဆီးတို့ အရှုံးဖြင့်ရင်ဆိုင်ခဲ့ရသည်။ **(အင်တာနက်)**

မိုက်ကယ်ဘောလက်အား ရီးရဲမက်ဒရစ်က အလိုရှိနေ

မက်ဒရစ် ဇူလိုင် ၂၉

ချယ်လ်ဆီး ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်အား ရီးရဲမက်ဒရစ်အသင်းနည်းပြသစ် ဘန်းရှူးစတားက ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ရီးရဲမက်ဒရစ်က အလိုရှိနေသော မိုက်ကယ်ဘောလက်။
(ဓာတ်ပုံ- အင်တာနက်)

မိုက်ကယ်ဘောလက်သည် ချယ်လ်ဆီးအသင်းနှင့် ၂၀၁၀ပြည့်နှစ်အထိ စာချုပ်ထားသည်။ ၎င်းက ဘန်းရှူးစတားထံ တစ်ပတ်လျှင် ပေါင် ၁၃၀၀၀၀ ရရှိရန် တောင်းဆိုလိုက်သည်။ သို့ရာတွင် ဘန်းရှူးစတားက ယင်းငွေကြေးအတွက် အခက်အခဲမရှိ ပေးနိုင်မည်ဟု ပြောကြားခဲ့သည်။

မိုက်ကယ်ဘောလက်အား ရီးရဲမက်ဒရစ်သို့ခေါ်ယူရန် ကောင်းစွာစိတ်ကူးယဉ်နိုင်ပြီဖြစ်ကြောင်း ဘန်းရှူးစတားက ဂျာမန်ရုပ်မြင်သံကြားသို့ ပြောကြားသည်။ ရီးရဲမက်ဒရစ်အသင်းသည် မိုက်ကယ်ဘောလက် ၂၀၀၅ခုနှစ်တွင် ဘိုင်ယန်မြူးနစ်မှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့သွားချိန်တွင် ခေါ်ယူရန်ကြိုးစားခဲ့ဖူးသည့် အသင်းဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သောရာသီက ဘောလက်သည် ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၂၆ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် လေးဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် ကွင်းလယ်နှင့် တိုက်စစ်ကို ချိတ်ဆက်ကစားနိုင်သည့် ကစားသမားကောင်းတစ်ဦး ဖြစ်ကြောင်းလည်း ဘန်းရှူးစတားက ချီးမွမ်းစကား ဆိုလိုက်သည်။ (အင်တာနက်)

အီတလီလူငယ်ခံစစ်မှူး ချယ်လီနီအား မန်စီးတီးခေါ်ယူရန်ကြိုးစား

အီတလီလူငယ်ခံစစ်မှူး ချယ်လီနီ။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၂၉

မန်စီးတီးအသင်းသည် အီတလီ ယူ-၂၁အသင်းခေါင်းဆောင် ဂျော်ဂျီယို ချယ်လီနီအား ပေါင်ခုနစ်သန်းဖြင့် ဂျူဗင်းတပ်စ်အသင်းမှ မကြာမီရက်များအတွင်း ခေါ်ယူစာချုပ်နိုင်ရန်မျှော်လင့်ထားသည်။ မန်စီးတီးနည်းပြသစ် အဲရစ်ဆင်က အက်သလက်တီကို မက်ဒရစ်မှ မာတင်ပီထရိုဗ်အား ခေါ်ယူစာချုပ်ခဲ့ပြီးနောက် နောက်တန်းခံစစ်မှူးကောင်း တစ်ဦးအား ခေါ်ယူရန် ကြိုးစားနေသည်။

ချယ်လီနီသည် အသက် ၂၂နှစ်အောက် အီတလီလူငယ်အသင်းတွင် ခြောက်ကြိမ်တိုင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သူ ဖြစ်သည်။ အဲရစ်ဆင်သည် မန်ယူမှ ဟိန့်ဇ်အား ခေါ်ယူရန် လီဗာပူးအသင်းနှင့် အကြိမ်များစွာ ယှဉ်ပြိုင်ကြိုးစားလျက် ရှိသည်။

မန်စီးတီးအသင်းသည် လာမည့်သီတင်းပတ်အတွင်း လူသစ်များခေါ်ယူရန်မျှော်လင့်ထားသည်။ မက္ကဆီကို တိုက်စစ်မှူး ကာစတီကိုလည်း ခေါ်ယူရန် ကမ်းလှမ်းထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ပါရာဂွေးတိုက်စစ်မှူး ဆန်တာခရုဇ်အား ဘလက်ဘန်းအသင်းက ဘိုင်ယန်မြူးနစ်အသင်းမှ ခေါ်ယူကာ လေးနှစ်စာချုပ် ချုပ်လိုက်သည်။**
* ပြင်သစ် နောက်တန်းကစားသမား ဝီလျံဂါးလက်စ်သည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်း၏ အသင်းခေါင်းဆောင်ဖြစ်လာနိုင်ကြောင်း နည်းပြအာစင်ဝင်းဂါးက အရိပ်အမြွက် ပြောကြားလိုက်သည်။
* **ပေါ်တူဂီတောင်ပံကစားသမား စီမာယိုဆာဘရိုဆာသည် ဘင်ဖီကာအသင်းမှ အက်သလက်တီကို မက်ဒရစ်သို့ ဒေါ်လာ ၂၇ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသော ချစ်သားလေး **မောင်ဖြိုးဝေယံကျော် (ဖူးဖူး)** ပဋ္ဌမတန်း (B) TTC ၏ ၃၀–၇–၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ကျန်းမာချမ်းသာ ပြည့်စုံပြီး ချစ်သားလေး၏ လိုအင်ဆန္ဒများပြည့်ဝ၍ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေး ဖြစ်ပါစေလို့ ဆုတောင်းလျက်–

ချစ်ဘိုးဘိုး– ချစ်ဘွားဘွား
ချစ်ဦးဦး– ဒေါ်ဒေါ်
ချစ်ပါပါး ဦးဝင်းကျော် (ဦးချောင်း)
ချစ်မာမား ဒေါ်မိုးမိုးလွင် (3D စတိုး၊ ကော့သောင်း)
ချစ်မမ မမြချိုချိုလွင် (3D စတိုး၊ ကော့သောင်း)
ချစ်ညီမလေး မမြတ်နိုးသီရိကျော် ဒုတိယတန်း (A)TTC.

ဂုဏ်ရည်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ

ဗဟန်း(၃)လမ်း၊ အမှတ်(၁၁)တွင် အောက်ပါဆေးများကိုရရှိနိုင်ပါသည်။

အတွင်းအပြင်လိပ်ခေါင်းဆေး၊ သွေးချို၊ ဆီးချိုကျဆေး၊ အဆစ်ရောင်ကိုက် လေးဖက်နာဆေး၊ အဆီပိုခြင်း၊ အဝလွန်ခြင်းများအတွက် အဆီချေဖျက် ပြာဆေး၊ သွေးတိုးကျဆေး၊ ချောင်းဆိုးရောဂါပျောက်ဆေး၊ အဖုအကျိတ်များအတွက် အဖုအကျိတ်ရောဂါသောက်ဆေး၊ အစာအိမ်လေနာပျောက်ဆေးများကို ရရှိနိုင်ပါသည်။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

၀၂၁၀ YR ၆၉၁၉၊ ၀၇၀၉ YR ၃၇၅၇၊ ၀၇၀၉ YR ၃၇၅၆၊ ၁၂၀၉ YR ၅၀၅၀၊ ၁၂၀၉ YR ၀၇၇၈၊ ၁၂၀၉ YR ၅၀၁၁၊ ၁၂၀၉ YR ၅၁၁၊ ၁၂၀၉ YR ၅၀၆၀

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် – ၁၁/၂၀၀၅၊ တဆထလ/တိုး(၀၂၉၉)

အချိန် – နံနက် ၁၀း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ
နေ့ရက် – တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ
ပင်ရင်း – ၈/၂၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။
တနင်္ဂနွေနေ့ပိတ်သည်။ ဖုန်း–၀၁–၆၄၁၅၀၁၊
(အမြို့မြို့ရှိ တိုင်းရင်းဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။)

အဲယားကွန်း
အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း–၀၉–၈၀–၂၂၇၈၀။

Starters, Movers, Flyers
အင်္ဂလိပ်စာသင်တန်း **August** စမည်။
၁၃/၂၃(F)၊ ရွှေဝါလမ်း၊ တာမွေ၊ (ကျိုက္ကဆံစူပါဝမ်းအနောက်ဘက်)
Ph:555448, 09-90-32278



uni-ball

ခဲခြစ်ကံစမ်းမဲ အထူးအစီအစဉ် (၃၀-၇-၂၀၀၇) မှ (၂၉-၂-၂၀၀၈) အထိ

"တစ်မူထူးခြားတဲ့ အစီအစဉ်သစ်တွေနဲ့ ယခုနှစ်တွင် စတင်လိုက်ပါပြီ။"

– သုံးစွဲသူတိုင်း စံချိန်သစ်တွေ တင်နိုင်ပြီး ဆုကြီးတွေ ရယူနိုင်ဖို့ uni-ball ကို သုံးစွဲကြပါစို့။
– ရယူနိုင်မည့် ဆုတွေကတော့ အနည်းဆုံး (၁၀၀) ကျပ် မှ (၁၀၀,၀၀၀) ကျပ်ထိ ငွေသားဆုမဲများ၊ uni ပစ္စည်းမျိုးစုံဆုမဲများ၊ အထူးဆု (၃) ဆုအဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ (၃) ညအိပ် (၄) ရက် ခရီးစဉ် နှင့် ဆုမဲပေါင်း များစွာကို စတင်လိုက်ပါပြီ။
– ခဲခြစ်ကံစမ်းမဲလက်မှတ်ကို တစ်ပါတည်း တောင်းယူ၍ ချက်ချင်းကံစမ်းနိုင်ပါသည်။

uni-ball စာရေးကိရိယာများကို အမြို့မြို့အနယ်နယ်ရှိ စာရေးကိရိယာဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ခြောက်ထပ်ကြီး ဘုရားကြီးတိုက် (၆၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၉

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော် သံဃာတော်အပါး ၃၇၅ပါးအား (၆၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၃နာရီက သာသနာ့ဝိပုလကာရီသိမ်တော်ကြီး၌ကျင်းပရာ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးဂေါပကဥက္ကဋ္ဌနှင့်ပစ္စည်းလေးပါးထောက်ပံ့ရေး အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဧရာဝတီရေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီး မြဝင်းက အလှူရှင်များကိုယ်စား ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(က–ပ)

လမ်းမတော်မြို့နယ် အနော်ရထာလမ်း ၁၀လမ်းထိပ် ပြည်လုံးချမ်းသာ မဟာဝါဠုက စေတီတော်တွင် ဝါဆိုလပြည့်နေ့ နံနက် ၉နာရီက ပရိယတ္တိ အလယ်တိုက်ကျောင်း ဆရာတော် အရှင်ဝိစရဏ (ဓမ္မာစရိယ၊ B.Ed)က သီလပေး၍ တရားတော်များ နာယူအပြီး လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် စေတီတော်စောင့်ရှောက်ရေး ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့က ဝါဆိုသင်္ကန်းကပ်လှူစဉ်။

(၃၈၇)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇူလိုင် ၂၉

ယနေ့မြန်မာစံတော်ချိန် နံနက် ၄နာရီ ၆မိနစ် ၂၅စက္ကန့်အချိန် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် ၂၇၅မိုင်ခန့်အကွာ မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့က ဖွင့်လှစ်သော အရာရှိ တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းအမှတ်စဉ် (၅/၂၀၀၇) သင်တန်းဆင်းပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၆ရပ်ကွက်ရှိ သီရိမြိုင်ယာဉ်မောင်း သင်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ရင်းများ ကွပ်ကဲရေးမှူးချုပ် ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ပေးအပ်

သင်တန်းတွင် စွမ်းရည်သုံးရပ် ပထမဆုရ လ–၁၅၅၉၉၆ ဒုရဲအုပ်သက်လွင်ဦး၊ ဒုတိယဆုရ လ–၁၄၀၄၃၂ ရဲအုပ်ဝင်းကိုကိုဦး၊ တတိယဆုရ လ–၁၂၈၄၃၆ ဒုတိယရဲမှူးပြုံးချိုတို့အား ရဲတပ်ရင်းများ ကွပ်ကဲရေးမှူးချုပ် ရဲမှူးချုပ်သန်းဟန်က ဆုများအသီးသီးချီးမြှင့်ပြီး သင်တန်းသားများ၏ သင်တန်းဆင်းလက်မှတ်များကို သင်တန်းဆင်း တပ်ဖွဲ့ဝင်များကိုယ်စား သင်တန်းသားတပ်ခွဲမှူး လ–၁၁၇၈၄၁ ဒုတိယ ရဲမှူးမြင့်ကြူသို့ ပေးအပ်သည်။

(သတင်းစဉ်)

ဦးအောင်ဟိန်းကျော် သီးသန့်တန်းဖွင့်ပြီ
-Translation
အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စာ ရေးနည်း • အခြေခံမှစ၍ရေးတတ်အောင်သင်သည်
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ ရန်ကုန်. 392468, 095171841

ပြိုင်မြင်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက်



သင်၏ နေ့စဉ်ဝင်ငွေတိုးရန် အခွင့်အလမ်းကောင်းတစ်ရပ်

– လိုင်စင်"ဟ"နံပါတ်ရရှိထားခြင်း
– ဈေးနှုန်းသင့်တင့်မျှတခြင်းနှင့် ဆီစားနှုန်းသက်သာခြင်း (တစ်ဂါလန်မိုင် ၆၀)
– အငှားယာဉ်၊ ကုန်တင်ယာဉ်နှင့်စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်းကြောင့် ပြိုင်မြင်း သုံးဘီးယာဉ်များကို သုံးစွဲခြင်းဖြင့် သင်၏နေ့စဉ်ဝင်ငွေတိုးစေပါသည်။
– (ရန်ကုန်တိုင်းမှအပ) ကျန်ပြည်နယ်နှင့်တိုင်းများတွင် အသုံးပြုနိုင်ပါသည်။

ခေတ်မီတိုးတက်သော နည်းပညာဖြင့် သုံးဘီးဆိုင်ကယ်တစ်မျိုးသာထုတ်လုပ်သည်။

ရန်ကုန်ရုံးချုပ် – အမှတ် ၂၃၆၊ သစ်ရာပင်လမ်း၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း–၅၆၀၄၂၉၊ ၀၉၅၀၂၄၂၈၀၊ ၀၉၅၀၂၈၈၄၂၊ ၀၉၅၁၇၂၁၅၆
နယ်ကိုယ်စားလှယ်များ – မကွေး ၀၉၅၃၄၀၈၄၃၊ မန္တလေး ၀၉၂၀၁၅၈၃၅၊ လှိုင်ကော် ၀၈၃–၂၁၈၁၉၊ ထားဝယ် ၀၅၉–၂၁၉၁၈။

GENIUS COMPUTER CENTER
Basic Course
AutoCAD 2D, 3D
D.T.P & Graphic Design
Web Design
MYOB (LCCI-UK)
အခြေခံမှစ၍ စနစ်တကျ သင်ကြားပေးသည်
၄၈၊ ဒုထပ်၊ တိုက်–၁၊ ရန်ကုန်–အင်းစိန်လမ်း၊ ကမာရွတ်။ ဖုန်း –၅၀၂၉၄၂

Yes!! English School
August 5,6,7 စမည်
TOEFL
IELTS
Speaking
GRADE အထူးတန်းခွဲ
Special English Class
လူဦးရေကန့်သတ်ထားသည်
၂၃၊ တ-ထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။ ဖုန်း - ၅၀၂၇၁၄

Since 1986 **KMD** ကွန်ပျူတာအခြေခံသင်တန်း **i-Office 2007**
- ကုမ္ပဏီ/ ရုံးလုပ်ငန်းများအတွက် ရုံးစာရိုက်ခြင်း၊ စာရင်းဇယားများဖြည့်သွင်းခြင်း နှင့် စာစီစာရိုက်လုပ်ငန်းများ အတွက်လက်တွေ့ သင်ကြားမည့် သင်တန်းဖြစ်ပါသည်။
- E-mail နှင့် Internet အသုံးပြုနည်းကို Digital Camera၊ Scanner စသောနောက်ဆုံးပေါ် Hardware Device များဖြင့် တွဲဖက်၍ စနစ်တကျ သင်ကြားပေးပါသည်။
- Reference စာအုပ်များကိုအခမဲ့ပုံ ပိုးပေးပြီး သင်တန်းသားတစ်ဦးကို စက် တစ်လုံးနှုန်းဖြင့်သင်ကြားချိန် နာရီပြည့် စက်သုံးစွဲ နိုင်ရန် စီစဉ်ထားပါသည်။
- သင်တန်းကာလ အတွင်း နှင့် သင်တန်းပြီးဆုံးသွားသော အခါ စက်အပိုချိန် အသုံးပြုနိုင်ရန် စီစဉ်ပေးပါသည်။
[Duration 80 Hours]

သင်တန်းအပ် လက်ခံနေပါပြီ။

အင်းတော်မြို့နယ် အေးချမ်းသာယာတံတား ဖွင့်ပွဲကျင်းပ

အင်းတော် ဇူလိုင် ၉

အင်းတော်မြို့နယ် နတ်မဟုတ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲနှင့် အင်းတော်မြို့နယ် နတ်မဟုတ် ကျေးရွာအုပ်စုနှင့် မန်လည် ကျေးရွာချင်းဆက် အေးချမ်းသာယာတံတားဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက နတ်မဟုတ်ကလေး ကျေးရွာတွင် ကျင်းပသည်။

တံတားဖွင့်ပွဲ

ရှေးဦးစွာ နတ်မဟုတ်ကျေးရွာအုပ်စု ကျေးရွာပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းတည်ဆောက်ခဲ့သော နတ်မဟုတ် ကျေးရွာအုပ်စုနှင့် မန်လည် ကျေးရွာချင်းဆက် အေးချမ်းသာယာ တံတားဖွင့်ပွဲကို အဆိုပါတံတားရှေ့ မုခ်ဦးတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးဦးစီးအဖွဲ့ ဦးစီးမှူး ဦးသန်းနိုင်ဦးနှင့် နတ်မဟုတ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလှရွှေတို့က တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် နတ်မဟုတ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးနှင့် တက်နေဝန်းစာကြည့် တိုက်ဖွင့်ပွဲကို အဆောက်အအုံများရှေ့မုခ်ဦးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်သီဟနှင့် ရပ်ကွက်အဖွဲ့ဝင် ဦးကျော်ရွှေဦးတို့က ရုံးသစ်နှင့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၁၃၃)**

မိဘမဲ့ကလေးများ ကျန်းမာရေးစောင့်ရှောက် စာရေးကိရိယာနှင့် အဝတ်အစားများလှူဒါန်း

တောင်ငူ ဇူလိုင် ၁၂

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ တောင်ငူမြို့ ဓေယျာသီရိ သီလရှင်စာသင်တိုက်နှင့် မိဘမဲ့ကလေးများကျောင်းတွင် ဇွန် ၃၀ ရက်နံနက်က မိဘမဲ့ကလေးများအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် စာရေးကိရိယာ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲကို ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိဝ်နွန်းခွန်ဆမ်က ဓေယျာသီရိမိဘမဲ့ကလေးများကျောင်းမှ သီလရှင် ဆရာကြီး သဒ္ဓမ္မဇောတိကဓဇ ဒေါ်မေဒီနိထံ ဆွမ်းဆန်တော် ငါးအိတ်၊ ဆီသုံးပုံးနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး မိဘမဲ့ကျောင်းသူလေး ၆၅ ဦးတို့အား တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ ရစ်ချက်ဘိုနီ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၂၁ရက်က မြဝတီခရိုင် ရဲတပ်ဖွဲ့၌ ကျင်းပရာ မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးက ရှင်းလင်း ဆွေးနွေးစဉ်။
(သတင်းစဉ်)

ဝမ်းရောဂါမဖြစ်ပွားရန် အမှည့်လွန် သစ်သီးများ မရောင်းချရေး စစ်ဆေး

မုံးကိုး ဇူလိုင် ၉

မုံးကိုးမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သာယာဈေး၌ ရောင်းချလျက်ရှိသော သစ်သီးဆိုင်များကို ဇွန် ၂၆ရက်က ဝမ်းရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားစေနိုင်သော အမှည့်လွန်သစ်သီးများ မရောင်းချစေရေး မြို့တာဝန်ခံ ဦးအောင်ကျော်တိုးနှင့် ဝန်ထမ်းများ ကွင်းဆင်းကြည့်ရှု စစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်းဖွင့်

မှော်ဘီ ဇူလိုင် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင်ခင်ရီက သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေး သိကောင်းစရာများ ဟောပြောပို့ချကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ အသီးသီးမှတာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များတက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်းအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ရေတွင်းများသန့်စင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂ ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့ ကြပ်မတ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် မေတ္တာမွန်ခန်းမတွင် ဇူလိုင် ၃ ရက် နံနက် ၈နာရီကကျင်းပရာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသူလေးများက အင်အားသစ်များနှင့်အတူ သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

အခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ချိုဦးနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများမှ အမျိုးသမီးဝန်ထမ်းများ၊ ထူးချွန်အမျိုးသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက မြန်မာအမျိုး သမီးများနေ့ကို ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ခရိုင်အတွင်း ထူးချွန်အမျိုးသမီးများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေက လည်းကောင်း၊ မြို့နယ်အတွင်း ထူးချွန်အမျိုးသမီးများအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ချိုဦးက လည်းကောင်း ဆုများချီးမြှင့်ကြပြီး ကျောင်းသူလေးများက အင်အားသစ်များနှင့်အတူ သီချင်းဖြင့် သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မိုင်တိုင် ၇၉/၇မှ ၈၀/၀အကြား လမ်းဘေးဝဲယာ အရိပ်ရပင်များ စိုက်ပျိုးခြင်းကိုဇူလိုင်၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်နှင့်အဖွဲ့ဝင်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ပညာပေးဟောပြော

မိုးကုတ် ဇူလိုင် ၄

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ပညာပေးဟောပြောပွဲကို ဇွန် ၂၂ရက် မွန်းလွဲ၂ နာရီက လယ်ဦးရပ် အထက(၄) နီလာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးခင်အောင် (အငြိမ်းစား) ရဲမှူးက အဖွင့်အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်ကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းကြိုင်က လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေရေးရာ သိမှတ်ဖွယ်ရာများကို ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးသိန်းထွန်းက လည်းကောင်း ပညာပေး ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးရေးရာ လုပ်ငန်းစဉ်များရှင်းလင်း

မောင်တော ဇူလိုင် ၁၅

မောင်တောမြို့နယ် အမျိုးသမီး ရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက အထက ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင် အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပြုံးက အဖွင့် အမှာစကား ပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့စိုးက အမျိုးသမီးရေးရာလုပ်ငန်း စဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အတွင်း ထူးချွန် အမျိုးသမီး ၁၆ ဦးတို့အား ခရိုင်၊ မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သံဖြူဇရပ် မိခင်/ကလေး စောင့်ရှောက်ရေးအသင်း စာအုပ်၊ စာရေးကိရိယာနှင့် ဝတ်စုံများထောက်ပံ့

သံဖြူဇရပ် ဇူလိုင် ၉

သံဖြူဇရပ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပထမအကြိမ်ထောက်ပံ့ခြင်းကိုဇွန် ၁၂ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အသင်းအမှုဆောင်များက ကျောင်းအသီးသီးသို့ သွားရောက်ကာ ထောက်ပံ့ပေးအပ်သည်။ **(ဝဲပုံ)**

အဆိုပါထောက်ပံ့ပေးအပ်ပွဲသို့ သက်ဆိုင်ရာကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများနှင့်ဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။ အဆိုပါ ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် ပထမအကြိမ် ထောက်ပံ့ငွေတန်ဖိုးမှာ ကျပ် ၁၀ သိန်းခန့် ဖြစ်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

နှစ်ဖက်မိဘများနှင့် ခင်ပွန်း ဦးကျော်တင့် အား ရည်စူး၍ ပြွန်တန်ဆာမြို့ မင်းလမ်းနေ ဒေါ်လှကြင်၊ သမီး မနန်းစိုးထွေး မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ပိဋကတစ်ပုံအောင် ဆရာတော်ဘဒ္ဒန္တ အဂ္ဂသာရာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ ဇူလိုင် ၁၆

မန္တလေးတိုင်း မိတ္ထီလာခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင်၁၁ ရက် နံနက် ၉နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောငွေ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်၊ ကွန်ပျူတာ တက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မို့မို့ထွန်းတို့က သင်တန်းဆင်း အမှာစကား ပြောကြားကြသည်။

ဂုဏ်ပြု

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူ မမြသက်ဦးသို့လည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မို့မို့ထွန်းနှင့်သင်တန်းနည်းပြဆရာမ ဒေါ်တင်ဇာသော်တို့အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့သာယာလှပရေး လမ်းကတ်တိုးများချထား

ထန်းတပင် ဇူလိုင် ၁

ပဲခူးတိုင်း ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော လမ်းဘေးဝဲယာ တစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လမ်းကတ်တိုးများ ချထား ဆောင်ရွက်နေမှုကို ဇွန် ၁၅ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်း တင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား ရည်စူးကာ ရန်ကုန်မြို့နေ ဦးအောင်ဝင်းမြင့်-ဒေါ်ဝင်းပပမြင့်၊ သမီး မသည်းမြတ်အောင်၊ သား မောင်ဝဏ္ဏအောင် မိသားစုက အလှူငွေကျပ်တစ်သိန်း တစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ပုဏ္ဏားကျွန်း၌ကျင်းပ

ပုဏ္ဏားကျွန်း ဇူလိုင် ၁၂

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်ခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်အေးက လုပ်ငန်းဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ရွှေစောနှင့် ဒေါ်ခင်ညွှန့်တို့က ရှေ့လုပ်ငန်းစဉ်များနှင့် စည်းရုံးမှုကျစ်လျစ်ခိုင်မာရေး၊ မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စစ်တွေ-ရန်ကုန် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် ကျွန်းပင် ၂၂၀၊ သစ်ဆိမ့်ပင် ၇၄၀၊ ခြံစည်းရိုးကြက်ဆူပင် ၂၀၀ ကို အဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ဇွန် ၂ ရက်က မြေပုံမြို့ကြာအင်း တောင်-ရှောက်ခြံ မြေသားလမ်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှတ်(၂)ရပ်ကွက် သရဖီလမ်းရှိ နေအိမ်များ ခြင်ဆေး ဖျန်းပေးခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂) ဦးမောင်မောင်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယဉ်မင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဗဟုသုတ ကြွယ်ဝရန် ပုံပြောပြိုင်ပွဲ မြင်းမူ၌ ကျင်းပ

မြင်းမူ ဇူလိုင် ၁၅

မြင်းမူမြို့နယ် ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အထ ပိုမိုတိုးပွားရေးနှင့် အသိဉာဏ်ပညာ ဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်လျက် အခြေခံပညာ အလယ်တန်းဆင့် ပုံပြောပြိုင်ပွဲနှင့် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက မြင်းမူမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသူ ကျောင်းသားများက မြန်မာ့ကျောင်းသီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်ပြီး မြို့နယ်ပညာရေးမှူး ဦးကြည်ဆောင်က အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက ပုံပြောပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲ အမှတ်ပေးအဖွဲ့ ခေါင်းဆောင် ဦးကျော်လင်းက အမှတ်ပေး စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြား၍ ပုံပြောပြိုင်ပွဲ ကျင်းပပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေမြောင်းများတူးဖော် ချုံနွယ်များရှင်းလင်း

ဆင်ပေါင်ဝဲ ဇူလိုင် ၅

ဆင်ပေါင်ဝဲမြို့ မြို့မဈေးအတွင်း၊ အပြင် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ဆယ်ယူခြင်း၊ ပေါင်းမြက်နှင့် ချုံနွယ်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဇွန် ၁၇ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေ ကြီးကြပ်ဆောင်ရွက်သော အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က ပန်းအလှပင်များ စိုက်ပျိုး ရန်အတွက် ပျိုးဥယျာဉ်တွင် ပျိုးပင်များ ပျိုးထောင်ထားပြီး ပေါင်းမြက်များ ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အင်ဂျင်နီယာ(၂) ဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရသူများအား ဂုဏ်ပြု

သန်လျင် ဇူလိုင် ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် ဆဋ္ဌမအကြိမ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်(ငြိမ်း)တို့က ဂုဏ်ပြုအမှာစကားများပြောကြားပြီး ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏ သားသမီးများဖြစ်သည့် ကျောက်တန်းမြို့နယ်မှ ခြောက်ဘာသာ ဂုဏ်ထူးရှင် မထက်ဝေယံလှိုင်**(ယာပုံ)**၊ ခရမ်းမြို့နယ်မှ သုံးဘာသာဂုဏ်ထူးရှင် မောင်ကိုကိုထွန်း၊ ကွမ်းခြံကုန်းမြို့နယ်မှ သုံးဘာသာ ဂုဏ်ထူးရှင် မသီဂီမျိုးတို့အား ခရိုင်ဥက္ကဋ္ဌ ဦးဇော်ဝင်းကလည်းကောင်း၊ ခရိုင်အတွင်းရှိ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့မှ သားသမီးများ အတွက် ပညာသင်ထောက်ပံ့ကြေးများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။**(ခရိုင် ပြန်/ဆက်)**

ဒီပဲယင်းမြို့ သန့်ရှင်းလှပရေး ပေါင်းမြက်များ ရှင်းလင်း

ဒီပဲယင်း ဇူလိုင် ၉

ဒီပဲယင်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပမှုရှိစေရန်နှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ဇွန် ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မုံရွာ-ရေဦး လမ်းမကြီး ဝဲယာတစ်လျှောက်တွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပေါင်းမြက်များ ရှင်းလင်းခြင်းကို စုပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

30-7 (16) 1 7/30/07, 1:00 AM

၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)

စေတီပုထိုး၊ ဘုရားကျောင်းကန်များ၌ ရွှေကြာသင်္ကန်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း ဥပုသ်သီတင်း ဆောက်တည်၊ မေတ္တာဘာဝနာပွားများ၊ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကား

ရန်ကုန် ဇူလိုင် ၂၉

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည်။ "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ မိန့်မြွက်လဝါဆို" ဟူသော လင်္ကာနှင့်အညီ ဝါဆိုလပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သီရိမာယာဒေဝီ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေယူတော်မူခြင်း၊ ညသန်းခေါင်ယံတွင် ဆန္နအမတ်ကိုခေါ်၍ ကဏ္ဍကမြင်းတော်ကိုစီးလျက် တောထွက်တော်မူခြင်း၊ နေမင်းလည်း ဝင်လုဆဲဆဲ၊ လမင်းလည်း ထွက်ပေါ်လုဆဲဆဲ၌ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစက္ကပဝတ္တနဒေသနာတော်ကြီးကို ဟောကြားတော်မူခြင်း စသည့် ဂုဏ်ထူးဝိသေသတို့ဖြင့် ပြည့်စုံသောကြောင့် ဗုဒ္ဓဘာသာဝင် ပြည်သူအပေါင်းတို့၏ နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။

အထူးစည်ကား

ထို့အတူ သံဃာတော်အရှင်သူမြတ်များ ဝါဆိုဝါကပ်ခြင်းအမှုကို စတင်ရသောနေ့ဖြစ်ရာ ယနေ့တွင် ဗုဒ္ဓဘာသာဝင် ပြည်သူများသည် ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲများကျင်းပခြင်း၊ မြတ်စွာဘုရားရှင်နှင့် သံဃာတော်အရှင်သူမြတ်များအား ရွှေကြာသင်္ကန်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်ပူဇော်ခြင်း၊ ဘုရားစေတီကျောင်းကန်များ၌ ဥပုသ်သီတင်း ဆောက်တည်ကြခြင်း၊ မေတ္တာဘာဝနာ၊ ဝိပဿနာဘာဝနာတို့ ပွားများဆင်ခြင်ကြခြင်း၊ အလှူဒါနပြုကြခြင်းတို့ဖြင့် ရန်ကုန်မြို့တော် တစ်ဝန်းလုံး၌ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) က ရွှေတိဂုံစေတီတော်တွင် ဘုရားဖူးလာပြည်သူများ စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော် ပရဝဏ်ရှိ အသိ၊ သတိ ကြေးသွန်းဘုရားကြီးရင်ပြင်တွင် ကုသိုလ်ပြုသူ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အာရှဖလား ဘောလုံးပြိုင်ပွဲ အီရတ်က ဆော်ဒီကိုနိုင်ပြီး ဗိုလ်စွဲ

ဂျကာတာ ဇူလိုင် ၂၉

အာရှဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၂၉ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဘန်ကာနိုအားကစားကွင်းကြီး၌ ကျင်းပခဲ့သည်။

ဆွတ်ခူး

အဆိုပါဗိုလ်လုပွဲတွင် အီရတ် အသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အီရတ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးသွားပြီဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၅ ●